# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၆၂)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၄ ရက် ၊ ၁၉–၅–၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၈

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အောင်ပန်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားစဉ်။

## အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်ပြပွဲများ ကျင်းပ

**ပုဂံ မေ ၁၈**

ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များ တစ်စု တစ်စည်းတည်း ပူးပေါင်းဆောင်ရွက်၍ ယဉ်ကျေးမှု ဖလှယ်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာများကို လူထု အကြား အပြန်အလှန် နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းမှုတို့ကို အများသတိပြုမိကြစေရန်အတွက် ၁၉၇၇ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ ( ICOM )က မေ ၁၈ ရက်ကို "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့"အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ် ကျင်းပခဲ့ရာ ၂၀၂၆ ခုနှစ်၊ မေ ၁၈ ရက်တွင် (၄၉)ကြိမ် ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။

ယခုနှစ် မေ ၁၈ ရက် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်ပုဒ်အဖြစ် "ကွဲပြား ခြားနား ကမ္ဘာကြီးအား ပေါင်းစည်းပေးသော ပြတိုက်များ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။



ယင်းခေါင်းစဉ်သည် ကွဲပြားမှုများဖြင့် ပြည့်နှက်နေသော ကမ္ဘာကြီးအတွင်း ယဉ်ကျေးမှု၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ကွာဟချက်များကို ချိတ်ဆက်ပေးနိုင်သည့် တံတားများအဖြစ် ပြတိုက်များ၏ အခန်းကဏ္ဍကို ထင်ရှားစေသည်။ ထို့အပြင် ပြတိုက်များတွင် ပြသထားသော ပစ္စည်းများနှင့် ပြကွက်များသည် မတူကွဲပြားသော ယဉ်ကျေးမှုများကို ချိတ်ဆက်ပေးနိုင်ပြီး အတိတ်နှင့် ပစ္စုပ္ပန်ကို ပေါင်းကူးပေးသည့် အရေးပါသော အခန်းကဏ္ဍ ဖြစ်လာကြသည်။ ထိုကဲ့သို့ အရေးပါလှသည့် ပြတိုက်များအတွက် အထိမ်းအမှတ်နေ့ဖြစ်သော ၂၀၂၆ ခုနှစ်၊ မေ ၁၈ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ဝင်ကြေးအခမဲ့ဖြင့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များကို လေ့လာလည်ပတ်ခွင့်ပြုထားပြီး (၄၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုသို့ ပါဝင်ဆောင်ရွက်ခဲ့သည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ(တာဝန်ခံ)ညွှန်ကြားရေးမှူး ဦးညီမွန်နှင့် အရာထမ်း၊ အမှုထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ပြည်တွင်း ၃၀၆ ဦး၊ ပြည်ပ တစ်ဦး၊ ရဟန်းသံဃာတော်များ ၃၀ ပါး၊ **စာမျက်နှာ ၁၀ သို့** ■

### မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၈

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မိုး/ဓလ**

၂၀၂၆ ခုနှစ်၊ မေ ၁၉ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

# လူတိုင်းအတွက် သတိထားလိုက်နာရမည့်ကျန်းမာရေး

လူတိုင်းအတွက် အရေးကြီးဆုံးမှာ ကျန်းမာရေးကောင်းနေဖို့ လိုအပ်မည်ဖြစ်သည်။ ငွေကြေးချမ်းသာသော်လည်း ကျန်းမာရေး မပြည့်စုံပါက ချမ်းသာသုခ၏ အရသာကို ခံစားနိုင်မည် မဟုတ်ပါ။ ''ကျန်းမာမှ စိတ်ရွှင်'' ဟူသော စကားပုံအတိုင်းပင် ကျန်းမာရေး မကောင်းသူတစ်ဦး မိမိတို့၏ မိသားစုထဲတွင် ပါဝင်လာပါက ပထမ ကာယကံရှင်ကိုယ်တိုင် စိတ်ပျက်မည်ဖြစ်သည်။ ကျန်းမာရေး မကောင်းသူနှင့်ပတ်သက်သူ မိသားစုဝင်များ အလုပ်အကိုင်ပျက်မည် ဖြစ်သည်။ ထို့ပြင် ငွေကြေးမပြည့်စုံသော်လည်း ကျန်းမာရေး ကောင်းမွန်နေပါက စိတ်၏ချမ်းသာခြင်းကို ရရှိမည်ဖြစ်သည်။ လုပ်ငန်းတာဝန်အဝဝကို အချိန်အခါမရွေး တက်ကြွလန်းဆန်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ''အာရောဂျံ ပရမံ လာဘံ ကျန်းမာခြင်းသည် လာဘ်တစ်ပါး'' ဟူသော အဆိုရှိသည်။

မိုးတွင်းကာလသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင်လည်း မိုးများထစ်ချုန်းကာ ရွာသွန်းလျက် ရှိသည်။ မိုးရာသီတွင် ဖြစ်ပွားတတ်သော တုပ်ကွေး၊ အအေးမိ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများမှာ လူတိုင်းတွင် ဖြစ်ပွားနိုင်သကဲ့သို့ ကလေးငယ်များတွင်လည်း သွေးလွန်တုပ်ကွေး ရောဂါများ ဖြစ်ပွားတတ်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပြည့်စုံရန်အတွက် လူတိုင်း သတိထားရမည်ဖြစ်သည်။

မိုးရာသီကာလသည် ကျန်းမာရေးအတွက် အထူးသတိထားရမည့်ကာလဖြစ်သည်။ ရေတွင်း၊ရေကန်များတွင် ရေလျှံမှုများကြောင့် မသန့်ရှင်းသော ရေသောက်သုံးရခြင်း၊ ယင်နားစာ စားမိခြင်းက ဝမ်းပျက် ဝမ်းလျှောရောဂါများဖြစ်စေသည်။ ထို့ပြင် ခြင်ပေါက်ပွားမှုများလာခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဆင်တုပ်ကွေး ရောဂါများ ဖြစ်ပွားစေသည်။ ရာသီတုပ်ကွေးရောဂါကြောင့် နှာစေး၊ ချောင်းဆိုး၊ ဖျားနာခြင်း၊ ပြင်းထန်စွာ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ကြွက်သားနာကျင်ခြင်းများကို ခံစားရသည့်အပြင် နောက်ဆက်တွဲ အနေဖြင့် အဆုတ်ရောင်ခြင်းကြောင့် မောပန်းခြင်း၊ အောက်ဆီဂျင် ကျလာခြင်းအထိ ဖြစ်ပွားနိုင်သည်။

ထို့ပြင် ဝမ်းပျက်ဝမ်းလျှောဖြစ်နေချိန်တွင် ရေဓာတ်၊ ဆားဓာတ် များ ဆုံးရှုံးနိုင်သောကြောင့် သေချာစွာ ဆေးကုသမှုခံယူကြရမည် ဖြစ်သည်။ အအေးမိဖျားနာခြင်းမှ ကာကွယ်နိုင်ရန် မိုးရေထဲသွား ပါက ထီး၊ မိုးကာများ ဆောင်ထားသင့်သကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းနေချိန်တွင် အဆောက်အအုံအတွင်း၌သာ နေထိုင်သင့် သည်။ မိုးရေစိုပါက မိမိကိုယ်ကို ခြောက်သွေ့အောင်ပြုလုပ်ခြင်း၊ အဝတ်ခြောက်များ အမြန်လဲလှယ်ခြင်း၊ ရေနွေးပူပူ သောက်သုံးခြင်းဖြင့် အမြန်နွေးထွေးအောင် ပြုလုပ်သင့်သည်။

လက်ကို မကြာခဏဆေးခြင်းဖြင့် မသန့်ရှင်းသော လက်မှ တစ်ဆင့် ကူးစက်နိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူရောင် ငန်းဖျားရောဂါ၊ အသည်းရောင်၊ အသားဝါရောဂါများမှလည်း ကာ ကွယ်နိုင်သည်။

လူတိုင်းလူတိုင်း အသက်အရွယ်နှင့်ကိုက်ညီသော ကိုယ်လက် လှုပ်ရှားမှု အားကစားလေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်သင့်သည်။ လူတိုင်းကျန်းမာရေးကို အထူးဂရုစိုက်ကြရမည်ဖြစ်သည်။ ကြိုတင် ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည့်အတွက် ရောဂါ မဖြစ်အောင် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင် သင့်လှသည်။ ကျန်းမာရေးဆိုးရွားမှုသည် အရွယ်သုံးပါးမရွေး ဖြစ်ပွား နိုင်သည်။ မိုးနှင့်အတူ ခြင်များ၊ ယင်များ ပေါက်ပွားလာမှု မရှိစေရန် တစ်ဦးချင်းမှသည် လူထုအင်အားဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ မိမိအိမ်၊ ကျောင်း၊ အလုပ်ရုံပတ်ဝန်းကျင်ရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ပိုးလောက်လမ်းများ မပေါက်ပွားစေရေး လုပ်ဆောင် ခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ ရေမြောင်းများ ရေစီးရေ လာကောင်းရန် ဆောင်ရွက်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ''ကျန်းမာခြင်းသည် လာဘ်တစ်ပါး'' ပပိုဖြစ်ရာ ရခဲလှ သည့် လူ့ဘဝတွင် အသက်ရှည်ရှည်နှင့် လူသားများ ကောင်းကျိုး ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်ပြည့်စုံရန်အတွက် လူတိုင်းသတိ ထားနေထိုင်သွားလာရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ထေရဝါဒဗုဒ္ဓသာသနာပြုလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

**ကျိုင်းတုံ မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဆရာတော်များ ဦးဆောင်သော တောင်တန်းသာသနာပြု ထောက်ပံ့ရေးအသင်းအား တောင်တန်းသာသနာပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းပွဲကို မေ ၁၆ ရက်က ကျိုင်းတုံမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဦးညွန့်အောင်နှင့်မိသားစုက ကျိုင်းတုံမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တောင်တန်းသာသနာပြု ထောက်ပံ့ရေး အသင်းအား တောင်တန်းသာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင် ရန်အတွက် ငွေကျပ်သိန်း ၁၀၀ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင် ဦးညွန့်အောင်နှင့် မိသားစုက ကျိုင်းတုံမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရားနာယူကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

**မန္တလေး မေ ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ယနေ့ နံနက် ၇ နာရီခွဲက ဦးဇော်ဆန်းသည် ဦးကျင်၊ ဦးအောင်ဌေး၊ ဦးနေဝင်းတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ကိုက် ၂၀၀ ကွာဝေးသော ကျင်းအမှတ်(၈)သို့ ဂေါက်သီးအမျိုးအစား Titleist-3 ကို ဂေါက်တံ အမျိုးအစား HONMA WOOD-3 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင် သွားခဲ့သည်။

တစ်ချက်တည်းကျင်းဝင်အောင် ရိုက်နိုင်ခဲ့သော ဦးဇော်ဆန်းအား Myanmar Casual Wear ကုမ္ပဏီမှ လက်ဆောင်ဆုနှင့် ဝမ်းသာ-မြန်မာကုမ္ပဏီမှ Cash Coepon ၁၀ သိန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကဆ)**

## ဌာနဆိုင်ရာရုံးများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်

**မန္တလေး မေ ၁၈**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၌ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများအား မီးလောင်မီး လန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဆောင်ရွက် ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း ဦးဆောင်၍ သနွေ့ မီးသတ်တပ်ဖွဲ့ဝင်များက ဝန်ထမ်းတိုက်ခန်းများ၊ လုပ်ငန်းဌာနများတွင် မီးသတ်ဆေးဘူးများ ထားရှိအသုံးပြုနိုင်မှု၊ လျှပ်စစ်မီးကြိုးများ စနစ်တကျ သုံးစွဲထားရှိမှု၊ မီးလောင်လွယ်သည့် ပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် အခြေအနေများအား စစ်ဆေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောသရုပ်ပြသခြင်းနှင့် မီးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

၀-၀-၀-၀-၀

## မန္တလေးမြို့တော်အတွင်း ရက်(၁၀၀)စီမံချက်ဖြင့် အဓိကလမ်းမကြီးများတွင် အရိပ်ရအပင်ပေါင်း ၆၀၀၀ ကျော် စိုက်ပျိုးသွားမည်

**မန္တလေး မေ ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအနေဖြင့် လာမည့် မိုးရာသီသစ်ပင်စိုက်ပျိုးရေးအတွက် ရက်(၁၀၀)စီမံချက်ကာလအတွင်း မြို့တော်အတွင်းရှိ အဓိကလမ်းမကြီးများ၌ အရိပ်ရအပင်ပေါင်း ၆၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ ဌာနမှူး ဦးတင်စိုး၏ ပြောကြားချက်အရ သိရသည်။

ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနသည် ''မန္တလေးမြို့တော် သန့်ရှင်းရမည်၊ မန္တလေးမြို့တော် သာယာလှပရမည်၊ မန္တလေးမြို့တော်နေ လူထု စိတ်ချမ်းသာရမည်'' ဟူသော မြို့တော်စည်ပင်၏ ရည်မှန်းချက်ဆောင်ပုဒ် သုံးရပ်နှင့်အညီ ရက် (၁၀၀)စီမံချက် လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ယခု အရိပ်ရအပင် ၆၀၀၀ စိုက်ပျိုးမည့် စီမံကိန်းကို မန္တလေးမြို့ရှိ ခြောက်မြို့နယ်လုံးတွင် တစ်နိုင်တစ်ပိုင် အင်အားဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများနှင့်အတူ မြို့တော်အဝင်၊ အထွက် လမ်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်း၊ မြစ်ငယ်-ထုံးဘိုဂိတ်နှင့် ပြင်ဦးလွင်လမ်းရှိ စည်ပင်သာယာတိုးဂိတ်တို့တွင်လည်း လမ်းချဲ့ထွင်မှုများနှင့်အညီ လမ်းလယ်အုတ်ခုံများနှင့် ဘေးဝဲ၊ ယာမြေလွတ်များ၌ အရိပ်ရပင်များနှင့် ပန်းအလှပင်များကို ပိုမိုသာယာလှပလာစေရန် ပြင်ဆင်စိုက်ပျိုးလျက်ရှိသည်။

ထို့ပြင် အပင်စိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် လက်ရှိတွင် မန္တလေးမြောက်ပြင် ၇၃ လမ်း၊ ၁ လမ်းမှ ၁၂ လမ်း အထိ လမ်းလယ်ကျွန်းများရှိ ပျက်စီးနေသော အပင်ဟောင်းများကို ဖယ်ရှားကာ မြေနှင့် သဘာဝမြေသြဇာများ အစားထိုးလဲလှယ်၍ ပြန်လည်ဖြည့်တင်းစိုက်ပျိုးခြင်း လုပ်ငန်းများကို တစ်ပြိုင်နက်တည်း လုပ်ဆောင်နေကြောင်း သိရသည်။ **(အောက်ပုံ)**

မန္တလေး၊ ခြောက်မြို့နယ်အတွင်းရှိ ပြင်ဦးလွင်သွားလမ်းနှင့် အဓိက လမ်းမကြီးများဘေးမှ အရိပ်ရသစ်ပင်ကြီးများကို စနစ်တကျ ပြုပြင်ခြင်း၊ လမ်းလယ်ကျွန်းအပင်များကို လှပအောင် ပြုစုခြင်းတို့အပြင် ရွှေတာချောင်း၊ ငွေတာချောင်းနှင့် ကိုလံဘိုမြောင်းများဘေးရှိ အမြင်မတင့်တယ်သော ချုံနွယ်ပိတ်ပေါင်းများနှင့် မြောင်းပေါ်ရှိ အရှုပ်ဆိုးအကျည်းတန်မှုများကိုပါ စဉ်ဆက်မပြတ် ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညို

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိအင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးကြသည်။

**အလှူငွေများလှူဒါန်း**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦး ဘုရားရုပ်ပွားတော်မြတ်ငါးဆူအား ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညို ကန်တော့ပြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရင်ပြင်တော်ရှိ စိန်နှင့်မြကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ကွဲအက်ပျက်စီးခြင်း၊ မုခ်ဦးများ၊ လှေကားများ၊ ကရဝိက်ဖောင်တော် ထားရှိရာ အဆောင်နှင့် အခြားသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေမှုများကို မူလလက်ရာမပျက် ပြန်လည်ပြုပြင် ထားရှိမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရား ကိန်းဝပ်သီတင်းသုံးတော်မူရာရင်ပြင်တော်ရှိသာသနိကအဆောက်အအုံအချို့သည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါ ပျက်စီးခဲ့မှုများအား နယ်မြေခံ ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ယာမပျက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများခင်းခြင်း ၁၀၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရားမူလကျောင်းဆောင် အောက်ခြေသံကူကွန်ကရစ် ထပ်ပိုးခြင်း ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတော် အရှေ့ဘက်၊ အနောက်ဘက် မုခ်ဦးစောင်းတန်း လှေကားများ ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတောင်ဘက် မုခ်လှေကားနှင့် မြောက်ဘက်အာရုံခံတန်ဆောင်း ၁၀၀ ရာခိုင်နှုန်း၊ ကရဝိက်အဆောင် ၁၀၀ ရာခိုင်နှုန်း၊ မြောက်ဘက်မုခ်ရှိ လှေကားအနေဖြင့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံရန်အတွက် ပင်မစံကျောင်းတော်မှ ပင့်ဆောင်ရာတွင် အနည်းငယ်မတ်စောက်သည့်အတွက် လှေကားအသစ် ပြန်လည်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

☆ ရှေ့ဖုံးမှ

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**စားသောက်ဖွယ်ရာများပေးအပ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး ဒေါ်နီလာ အမျိုးသမီးနှင့် ကလေးကုသဆောင်၌ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

---



## ဘားအံမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ဥပဒေအကြောင်း အသိပညာပေး

ဘားအံ မေ ၁၈

ဥပဒေရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံချက်အရ ကရင်ပြည်နယ် ဥပဒေချုပ် ဒေါ်နော်သန်းသန်းငြိမ်း ဦးဆောင်၍ ကရင်ပြည်နယ် ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများသည် ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ဥပဒေအသိပညာပေးဆွေးနွေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာနှင့် လှာကာကျေးရွာတို့တွင် ဥပဒေအသိပညာပေးဆွေးနွေးဟောပြောကြသည်။

ထိုသို့ဆွေးနွေးဟောပြောရာတွင် ပြည်နယ်ဥပဒေချုပ် ဒေါ်နော်သန်းသန်းငြိမ်းက ဥပဒေရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံချက်အကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးနိုင်ဝင်းက ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးစောသိန်းဖေမြင့်က လောင်းကစားဥပဒေပါသိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများ သွားရောက်ကြည့်ရှုစစ်ဆေး




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ တပ်တွင်း စည်းလုံးညီညွတ်မှုကောင်းမွန်ရန် အထက်အောက်ဆက်ဆံရေး ကောင်းမွန်နေရန်လို

☆ တပ်တွင်းစည်းလုံးမှု တည်ဆောက်ခြင်းသည် အင်အားတည်ဆောက်ခြင်းသာဖြစ်ပြီး စစ်ရေးစွမ်းရည်ကို ဖြစ်ပေါ်စေ

☆ အုပ်ချုပ်မှု ကောင်းမွန်ရန် မျက်နှာလိုက်ခြင်းကင်းမဲ့သော၊ ကျောသားရင်သားမခွဲခြားသော စိတ်ဓာတ်တို့ဖြင့် မျှတစွာ စီမံဆောင်ရွက်ကွပ်ကဲအုပ်ချုပ်ရန်လို

နေပြည်တော် မေ ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကား ပြောကြားရာ၌ ၂၀၂၁ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များအနေဖြင့် တပ်မတော်နှင့် ပြည်သူကို သွေးခွဲရန် နည်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊ အချို့ဝန်ထမ်းများသည်လည်း နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲကွဲပြားပြား သိမြင်မှုမရှိဘဲ နားယောင်၍ DCS လုပ်ဆောင်ခဲ့သဖြင့် ခက်ခဲမှုများစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကြိုးစားလုပ်ဆောင်ခဲ့ရကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တပ်မတော်နှင့် ပြည်သူ၏ ညီညွတ်သောအားဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဆက်လက်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်ကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူ၏ နေအိမ်များကို ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ချင်းပြည်နယ် ဖလမ်းဒေသတစ်ဝိုက်အား ယာယီစိုးမိုး၍ ပြည်သူအပေါ် အနိုင်ကျင့်စော်ကားလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူများကို ချေမှုန်းသုတ်သင်၍ အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့် ပြည်သူ လက်တွဲကာ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မြဝတီ-သင်္ဃန်းညီနောင်-ကော့ကရိတ် ဆက်သွယ်ရေးလမ်းကြောင်းနှင့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေး လမ်းကြောင်းများကိုလည်း တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် လမ်းတံတားများကိုလည်း ပြန်လည် ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်၏ ထိရောက်သော စစ်ဆင်ရေး ဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူလူထုအနေဖြင့် သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူကြိုဆိုကြသကဲ့သို့ ပြည်သူလူထု၏ ယုံကြည် အားကိုးမှုကိုလည်း ရရှိလျက်ရှိကြောင်း၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ပြည်သူကို ကာကွယ် စောင့်ရှောက်မည်ဟူသော ခိုင်မာသည့် သစ္စာတရား၏ အကျိုးကျေးဇူးကို ပြန်လည်ခံစားရခြင်းပင် ဖြစ်ကြောင်း၊ တိုက်ပွဲများတွင် စွမ်းစွမ်းတမံဖြင့် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်၊ တပ်မတော်အတွက် ထူးကဲစွာ စွမ်းဆောင်နိုင်သူများကိုလည်း အသိအမှတ်ပြု ဂုဏ်ပြုပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်ထမ်းဆောင်ရန် ၂၄ နာရီ တာဝန်ရှိသည့် ခိုင်မာသောအဖွဲ့အစည်းဖြစ်ကာ အထက်အောက် လေးစား၍ အမိန့်နာခံမှုဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း၊ သေအတူရှင်မကွာသော သံယောဇဉ်တရားဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ နေ့စဉ်လုပ်ဆောင်နေသော သမားစဉ်လုပ်ငန်းများသည် လေ့ကျင့်နေမှုပင်ဖြစ်၍ အားလုံး တစုတစည်းတည်း လိုက်ပါဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်မှုကို ရရှိစေကြောင်း၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်မှသာ တိုက်ပွဲကို အောင်မြင်နိုင်မည်ဖြစ်၍ စွမ်းရည်ရှိအောင် ကိုယ်စီတစ်ဦးချင်းမှစ၍ လေ့ကျင့်နေရန် လိုကြောင်း၊ တိုက်စွမ်းအား ကောင်းမွန်ရန် နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ပြောင်းလဲလာသော ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် စစ်နည်းဗျူဟာများကိုလည်း မျက်ခြည်မပြတ် လေ့လာ၊ လေ့ကျင့်နေရန်လိုကြောင်း၊ ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော စစ်ပွဲများ၏ သုံးစွဲနေသောလက်နက်များနှင့် နည်းပညာများကိုလည်း အမြဲလေ့လာ သုံးသပ်နေရန် လိုကြောင်း။

အသိပညာ အတတ်ပညာရှိရန် အတန်းပညာနှင့် စာဖတ်ခြင်းကို ပေါင်းစပ် ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ပစာပေများ ဖတ်ရှုလေ့လာနိုင်ရန်လည်း တပ်ရင်း၊ တပ်ဖွဲ့များရှိစာကြည့်တိုက်များကို စာကောင်းပေမွန်များ အမြဲဖြည့်ဆည်းပေးနေရန် လိုကြောင်း၊ စာများများ ဖတ်ရှုလေ့လာမှသာ အသိပညာဗဟုသုတများ ရရှိလာမည်ဖြစ်ပြီး အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေး အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ သားသမီးများ စဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေးဆောင်ရွက်သွားရန်၊ တပ်မတော်သားများ၏ သား/သမီးအားလုံးကို နှစ်စဉ် တန်းစဉ်ကူးပြောင်းမှုတွင် ပါဝင်နိုင်ရေးနှင့် အနည်းဆုံး KG+9 အဆင့်အထိ တတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အုပ်ချုပ်မှုအပိုင်းတွင် တပ်မှူးများသည် ဖခင်ကောင်းစိတ်ဓာတ်၊ ခေါင်းဆောင်ကောင်း စိတ်ဓာတ်ဖြင့် အုပ်ချုပ်သကဲ့သို့ တပ်မှူးများ၏ ဇနီးများသည်လည်း မိခင်သဖွယ် စိတ်ဓာတ်ဖြင့် ထိန်းကျောင်းပေးရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှု ကောင်းမွန်ရန် အထက်အောက် ဆက်ဆံရေး ကောင်းမွန်နေရန် လိုကြောင်း၊ တပ်တွင်းစည်းလုံးမှု တည်ဆောက်ခြင်းသည် အင်အားတည်ဆောက်ခြင်းသာဖြစ်ပြီး စစ်ရေးစွမ်းရည်ကို ဖြစ်ပေါ်စေကြောင်း၊ အုပ်ချုပ်မှု ကောင်းမွန်ရန် မျက်နှာလိုက်ခြင်းကင်းမဲ့သော၊ ကျောသားရင်သား မခွဲခြားသော စိတ်ဓာတ်တို့ဖြင့် မျှတစွာ စီမံဆောင်ရွက်ကွပ်ကဲ အုပ်ချုပ်ရန်လိုကြောင်း။

သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ တပ်မှူးများအနေဖြင့် မိမိတပ်ရှိအရာရှိ၊ စစ်သည်၊ မိသားစုများ၏ နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် ရပိုင်ခွင့်များအား အချိန်မီနှင့် ပြည့်ဝစွာရရှိအောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မှူးများသည် မိမိတပ်အပေါ် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် တရားစီရင်ရေးအရ အခွင့်အာဏာ အပ်နှင်းခံထားရသူများဖြစ်၍ အမြော်အမြင်ကြီးမားပြီး စိတ်သဘောထားပြည့်ဝနေရန်လိုကြောင်း။

ကလောဒေသသည် ရာသီဥတုအရ သာယာကောင်းမွန်ပြီး ရေခံ၊ မြေခံကောင်းမွန်သော ဒေသဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးသည် လက်တွေ့အကျိုးကို ခံစားရသည့် လုပ်ငန်းတစ်ရပ်ဖြစ်၍ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အလေးထားလုပ်ဆောင်ကြရန် မှာကြားလိုကြောင်း၊ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကုန်ဈေးနှုန်း ကြီးမြင့်မှုများကိုလည်း အထိုက်အလျောက်လျှော့ချပေးနိုင်မည်ဖြစ်ကာ ပိုလျှံသော ကုန်ပစ္စည်းများကို တပ်နယ်များရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ပါက လက်တွေ့ပါသော စည်းရုံးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိဒေသအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

စိတ်ဓာတ်သည် စည်းကမ်းနှင့် ဆက်စပ်လျက်ရှိပြီး ကိုယ်တိုင်စိတ်ဓာတ် မြင့်မားအောင် တည်ဆောက်ရန် လိုကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းသည် ပြုပြင်တည်ဆောက်၍ရသော အရာများဖြစ်၍ ကိုယ်တိုင်လည်း စိတ်ဓာတ်မြင့်မားအောင် ကျင့်ကြံသကဲ့သို့ မိမိအဖွဲ့အစည်းကိုလည်း လေ့ကျင့်ပေးရန် လိုကြောင်း၊ သဘောကောင်းမှုနှင့် စေတနာကောင်းမှုသည် မတူညီကြောင်း၊ ပြောဆိုဆုံးမပဲ့ပြင်မှုသည် စေတနာကောင်းမွန်မှုကို အခြေခံခြင်းဖြစ်၍ စည်းကမ်း ဖောက်ဖျက်မှုနှင့် ပတ်သက်ပါက အသေးအဖွဲ့မှစ၍ လျစ်လျူမရှုရန်လိုကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာကြရန် လိုကြောင်း၊ မလိုလားအပ်သော အပျော်အပါး၊ မူးယစ်ဆေးဝါး၊ လောင်းကစား အပါအဝင် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးရှုပ်ထွေးမှုများသည် တပ်တွင်းစည်းလုံးညီညွတ်မှုကိုပျက်ပြားစေကြောင်း၊ အလားတူ လူမှုရေးရှုပ်ထွေးမှုသည်လည်း ခွင့်လွှတ်၍မရသော ကိစ္စရပ်များဖြစ်ကြောင်း။

ပေးအပ်သော လုပ်ငန်းတာဝန်များနှင့် မိသားစုအပေါ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရန် လိုကြောင်း၊ ကျန်းမာရေးမကောင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေးစသည်တို့ကို ထိခိုက်ပျက်ပြားစေကြောင်း၊ နေ့စဉ်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန်မှာ အရေးကြီးပြီး ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည် ဖြစ်သဖြင့် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် ပါဝင်လုပ်ဆောင်သွားကြရန် ရန်လိုကြောင်း၊ ကျန်းမာရေးသည် မိမိကိုယ်တိုင် ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည့်အတွက် ကျန်းမာကြံ့ခိုင်အောင် စနစ်တကျနေထိုင်စားသောက်ရန်လိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များတွင် ရဲရဲဝံ့ဝံ့ဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြကြောင်း၊ စွန့်လွှတ်စွန့်စားစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများကို တစ်ဆင့်မြင့် ရာထူးများချီးမြှင့်ခြင်း၊ စွမ်းရည်သတ္တိဆိုင်ရာ ဆုတံဆိပ်များ ချီးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံ့သားကောင်းပီသစွာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ရန် ၎င်းတို့၏ သဘောဆန္ဒအလျောက် ဆက်လက်ဆန္ဒပြုကြသူများလည်း များစွာရှိသဖြင့် ၎င်းတို့ကို ရဲဘော်ရဲဘက် စိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ပေးရန် လိုကြောင်း၊ အလားတူ တပ်မတော်၏ အရန်အင်အားများဖြစ်သည့် စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် တပ်မတော်သားများနှင့် လက်တွဲကာ လုံခြုံရေးတာဝန်များကို တာဝန်သိသိဖြင့် ထမ်းဆောင်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ၎င်းတို့၏ မိသားစုဝင်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရန်လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နိုလာကမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးစွာ ရှင်းလင်းဆောင်တွင် တိုင်းမှူးက နန်းသီတာ စိုက်ပျိုးမွေးမြူရေးစခန်းဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း စပါး၊ နေကြာ၊ တစ်သျှူးငှက်ပျော၊ DYL ဝက်၊ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ အသားတိုးကြက်၊ ဥစားဘဲ၊ ငါးများနှင့် ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးခြင်းဖြစ်သဖြင့် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ပိုလျှံသော စားသောက်ကုန်ပစ္စည်းများကို ဒေသအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အမှန်တကယ် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုအပ်သည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားသူများနှင့် အမှန်တကယ် ကျွမ်းကျင်သူများကို တာဝန်ပေးပြီး ယခုထက်ပိုမို တိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၄၃ / ၂၀၂၆ )

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ မေ လ ၁၈ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၂/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်းအစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၂၇၇၀<br>ဗိုလ်မှူးချုပ် ညီညီအောင် | အစား | ကြည်း ၂၉၁၉၇<br>ဗိုလ်မှူးချုပ် ကျော်လင်းအောင် |
| ( ခ ) | ကြည်း ၃၄၁၆၅<br>ဗိုလ်မှူးကြီး မြင့်ကို | အစား | ကြည်း ၂၇၄၇၂<br>ဗိုလ်မှူးကြီး မျိုးမြင့်အောင် |
| ( ဂ ) | ကြည်း ၂၈၄၅၁<br>ဒုတိယဗိုလ်မှူးကြီး အောင်နီ | အစား | ကြည်း ၂၇၉၂၉<br>ဗိုလ်မှူးကြီး ဇော်မြင့်ဦး |
| (ဃ) | ကြည်း ၂၅၂၉၅<br>ဗိုလ်မှူး ဇော်ဇော်မိုး | အစား | လေ ၂၀၈၄<br>ဗိုလ်မှူးကြီး အောင်မျိုးကျော် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၄၄ / ၂၀၂၆ )

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ မေ လ ၁၈ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) မန္တလေးတိုင်းဒေသကြီးလွှတ်တော်

| | | |
|---|---|---|
| ကြည်း ၅၁၃၂၂<br>ဗိုလ်ကြီး ဝဏ္ဏနိုင် | အစား | ကြည်း ၃၈၂၈၉<br>ဗိုလ်မှူး မင်းသုခလှိုင် |

( ခ ) ရခိုင်ပြည်နယ်လွှတ်တော်

| | | |
|---|---|---|
| ကြည်း ၇၄၁၆၉<br>ဗိုလ်ကြီး လွင်အောင်မြတ် | အစား | ကြည်း ၅၃၇၆၄<br>ဗိုလ်ကြီး မျိုးညွန့် |

( ဂ ) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

| | | |
|---|---|---|
| ကြည်း ၅၁၂၇၆<br>ဗိုလ်ကြီး ဝဏ္ဏစိန်မြင့် | အစား | ကြည်း ၅၃၈၈၄<br>ဗိုလ်ကြီး ကျော်သူနိုင် |

(ဃ) ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

| | | |
|---|---|---|
| ကြည်း ၃၉၆၇၃<br>ဗိုလ်မှူး အောင်ဇော်ထိုက် | အစား | ကြည်း ၄၅၀၄၉<br>ဗိုလ်မှူး ဇာနည်စိုး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး



မန္တလေး မေ ၁၈

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ရှိ Ayeyarwaddy Success Centure Foods Co., Ltd ၏ မားမားခေါက်ဆွဲခြောက်စက်ရုံနှင့် မိတ္ထီလာမြို့ စက်မှုဇုန်ရှိ ချန်းကျန်အထည်ချုပ်စက်ရုံတို့ရှိ အာမခံအလုပ်သမား ၁၅၃၁ ဦးကို ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီ သက်ဆိုင်ရာအာမခံစနစ်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

### ကြည့်ရှုအားပေး

ယင်းနောက် လုပ်ငန်းရှင်များ၊ HR မန်နေဂျာများ၏ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၈

ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ ညှိနှိုင်းဆွေးနွေးခြင်းကို မေ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ကျင့်ဝတ်သိက္ခာ စောင့်ထိန်းလိုက်နာမှုသည် အဖွဲ့အစည်း၏ အောင်မြင်မှုနှင့် တိုက်ရိုက်သက်ရောက်သဖြင့် အထူးအလေးထားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် ပထမနေ့အဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်များက လည်းကောင်း၊ ဆွေးနွေးပွဲ ဒုတိယနေ့တွင် မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ စာရင်းစစ်ချုပ်များကလည်းကောင်း လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက စစ်ဆေးရေး၊ စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်







# ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၈

နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များက ဘာသာရပ်အလိုက်သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ခွဲဝေရန် တင်ပြလာသည့် ပညာသင်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိ တရုတ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



နေပြည်တော် မေ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၈ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**ရေ နတ် မြောင်း သည် အ မှိုက် ပစ် ရန် နေ ရာ မ ဟုတ် ပါ ။**

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၂/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် မေ ၁၈

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၂/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအားပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ် စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင် ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြု အမှာစကားများ ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားအသီးသီးသို့ တက်ရောက် လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ် အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထား လေးစားဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။

ပြည်သူ့ စစ်မှုထမ်းများသည် သတ်မှတ် စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက် အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန် ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

စာမျက်နှာ ၈ သို့ ✪

❖ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်



ဧရာဝတီ? 

ဧရာဝတီ

◎ စာမျက်နှာ ၇ မှ

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်ကာလ ပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့် ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန် လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေး အတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့ စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

နောင်လာနောက်သား မျိုးဆက်သစ် လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်း တစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့် ပြည်သူတစ်သားတည်း ဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -







၁။ ကျွန်တော်တို့ အနေနဲ့ကတော့ တပ်အထိုင်ပါပဲ။ နောက်ချန်အင်အားအနေနဲ့ တာဝန်ယူပေးရတဲ့နေရာမှာ နေရတယ်။ ရှေ့တန်းစစ်ဆင်ရေး ထွက်နေသူတွေ စားနပ်ရိက္ခာတို့ လက်နက်ခဲယမ်းတို့ကအစ လိုလေသေးမရှိ အစစအရာရာပို့ပေးတဲ့ နေရာကနေ တာဝန်ယူပေးရတယ်။ အတွေ့အကြုံကတော့ အသက်အန္တရာယ်ကြားထဲကလည်း အကောင်းဆုံးဖြတ်ကျော်ခဲ့ရတယ်။ အခက်အခဲလည်း မြောက်မြားစွာရှိတယ်။ ဒါပေမဲ့ စိတ်ဓာတ်မကျဘဲနဲ့ ဆက်လျှောက်သင့်တယ်လို့တော့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီမြေမှာကြီးပြီး ဒီရေကိုသောက်ပြီးတော့ လူငယ်တစ်ယောက်အနေနဲ့ အကောင်းအဆိုး ခွဲခြားပြီးတော့ သုံးသပ်သင့်တယ်လို့ ဘာပဲလုပ်လုပ်ပေါ့။ လူငယ်တစ်ယောက် အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို တာဝန်ကျေပွန်စွာနဲ့ ထမ်းဆောင်နိုင်ခဲ့ပြီလို့တော့ ထင်ပါတယ်။ ကျွန်တော်တို့ ဒီလိုနှစ်ပြည့်တဲ့အချိန်မှာ အတိအကျပြန်ခေါ်ပေးပြီးတော့ ဆုတံဆိပ်တွေ ချီးမြှင့်ပေးတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

၂။ ကျွန်တော်ကတော့ တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတစ်ယောက်ပါ။ အတွေ့အကြုံအနေနဲ့ကတော့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရတာတွေ၊ ကြုံတွေ့ခဲ့ရတာတွေ အများကြီးပဲပေါ့။ ကျွန်တော်တို့ အများကြီးသိခဲ့ရတာပေါ့။ အများကြီး စည်းစနစ်ကျသွားတယ်။ ကျွန်တော်တို့က အချိန်နဲ့တစ်ပြေးညီ လုပ်ကိုင်တတ်သွားတာတွေ၊ အရေးကြီးရင်ကြီးသလို၊ အလျင်လိုရင်လိုသလို အမြန်ဆုံး ပြောင်းလဲရတာတွေ၊ ရှင်သန်ရတာတွေ အဲဒီလို အများကြီး ကွာခြားသွားပါတယ်။ ကိုယ့်ဘဝအတွက်တော့ အများကြီး အဓိပ္ပာယ်ရှိပါတယ်။ ပြည်သူ့စစ်မှုထမ်းတံဆိပ်ကို ကျွန်တော်တို့ အနေနဲ့ လွယ်လွယ်ကူကူရရှိခဲ့တာမဟုတ်ပါဘူး။ နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ပြီးမှ ရရှိခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ အိုးစားဖက်တွေအတွက်လည်း ဂုဏ်ယူမိပါတယ်။ အချိန်ကာလတစ်ခုအထိ အတူတူစား၊ အတူတူသွားခဲ့တဲ့အတွက် သူတို့အတွက်လည်း အများကြီး ဝမ်းနည်းဝမ်းသာဖြစ်မိပါတယ်။

သတင်းစဉ်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်နိုင် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

## ဗန်းမော်သိမ်၊ စေတီနှင့် မန္တလေးတက္ကသိုလ် ဓမ္မာရုံပြန်လည်ပြုပြင်ရန် မြို့မိ၊ မြို့ဖများက ငွေများလှူဒါန်း

**မန္တလေး မေ ၁၈**

မန္တလေးငလျင်ဒဏ်ကြောင့် မန္တလေးတက္ကသိုလ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဗန်းမော်သိမ်၊ စေတီနှင့် မန္တလေးတက္ကသိုလ် ဓမ္မာရုံတို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ **(အောက်ပုံ)**

ငလျင်ဒဏ်သင့် ဗန်းမော်သိမ်၊ စေတီနှင့် မန္တလေးတက္ကသိုလ် ဓမ္မာရုံတို့အား ရှေးမူမပျက် ပြန်လည်ပြုပြင်ရေးအတွက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ မြို့မိ၊ မြို့ဖ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ လှူဒါန်းငွေများဖြင့် ပြန်လည်ပြုပြင်လျက်ရှိရာ မေလ ဒုတိယပတ်တွင် ၂၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်သည်။



ဗန်းမော်သိမ်၊ စေတီနှင့် မန္တလေးတက္ကသိုလ်ဓမ္မာရုံ အမြန်ပြန်လည်ပြုပြင်ပြီးစီးရေးအတွက် မေ ၁၇ ရက်က မြို့မိ၊ မြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်သော ဦးကာကာ+ဒေါ်စိန် (လက်ဖက်ခြောက်)မိသားစုက ငွေကျပ်သိန်း ၅၀၀၊ ရှိုင်းဟုတ်ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဦးအပ်တီ+ဒေါ်ယဉ်ယဉ်အေး(ရွှေကြက်ဖကြာညို)မိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးခင်အောင်မြင့်၊ ဒေါ်အေးအေးသန်းမိသားစုက ငွေကျပ်သိန်း ၅၀၊ သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ်(သီရိရွှေစင်ရွှေဆိုင်)မိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးသန်းထွန်းအောင်(မေတ္တာရွှေဆိုင်)က ငွေကျပ်သိန်း ၅၀၊ ဦးဘစံ + ဒေါ်စိန်စိန်(စိန်သိန်းသင်္ဘောဆေး)မိသားစုက ငွေကျပ်သိန်း ၅၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်စွာဝင်း(တော်ဝင်စိန်တိုက်)က ငွေကျပ်သိန်း ၅၀၊ ဦးခင်မောင်ဖေ+ဒေါ်တင်တင်နွဲ့(ရွှေလမင်းစက်မှုလက်မှု)က ငွေကျပ်သိန်း ၅၀၊ ဦးဆန်းထွန်းလွင်+ဒေါ်သီသီအောင်(စိန်လမင်းဆီစက်)က ငွေကျပ်သိန်း ၂၀၊ ဒေါ်ညိုညိုစိန် (မြတောင်ညွန့်ကုမ္ပဏီ)က ငွေကျပ် ၁၅ သိန်း အပါအဝင် စေတနာရှင်များက ငွေကျပ် ၁၀၃၅ သိန်း လှူဒါန်းရာ ဗန်းမော်သိမ်၊ စေတီနှင့် မန္တလေးတက္ကသိုလ်ဓမ္မာရုံ ပြန်လည်တည်ဆောက်ရေးကော်မတီနာယက ဦးတင်မောင်၊ ဒေါက်တာသီတာဝင်းနှင့် မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(ဝ၄၅)**

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၁၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)က ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးသန်းမြင့် + ဒေါ်တင်တင်ဦး မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀၊ လျှပ်စစ်မီးအလင်းအတွက် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

PNT


• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။



## သဘာဝဘေးအသိပညာပေးလုပ်ငန်းများ လိုက်လံလှည့်လည်နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ပြင်ဦးလွင် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် ပြည်သူများ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးသက်သာစေရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြင်ဦးလွင်ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဝင်းစံနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရက်(၁၀၀)စီမံချက်ဖြင့် လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ဆောင်ရန်၊ ရှောင်ရန်အချက်များအား လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို ယနေ့နံနက်ပိုင်းက လူစည်ကားရာနေရာများဖြစ်သော မြို့မဈေး၊ မီးပွိုင့်လမ်းဆုံများ၊ ရပ်ကွက်ကြီး(၂၁)မိုးကြိုးနှင့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် လိုက်လံနှိုးဆော် ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် လျှပ်စီးလက်ခြင်းမဖြစ်မီ ကြိုတင်လုပ်ဆောင်ရန်အချက်များ၊ လျှပ်စီးလက်ခြင်းဖြစ်ပွားနေစဉ် သတိပြုလိုက်နာရမည့်အချက်များ၊ လျှပ်စီးလက်ခြင်းဖြစ်ပွားပြီးနောက် လိုက်နာရမည့်အချက်များ အစရှိသည်တို့ပါဝင်သော လက်ကမ်းစာစောင်များကို ပြည်သူများအား အသိပညာရရှိစေရန် ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သွေးသွေး(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ ဒဏ်ရာရရှိ

**ညောင်လေးပင် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မေ ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၈၀ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ညောင်လေးပင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးမြို့မှ ရန်ကုန်မြို့ဘက်သို့ ညောင်လေးပင်မြို့မြို့မ(၂)ရပ်ကွက်နေ ဦးသိန်းဇော်ဝင်း(၄၉)နှစ် ဆိုသူမောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်မာမာဝင်း(၄၁)နှစ်၊ ဒေါ်ခင်ဝင်း(၆၈)နှစ်နှင့် ဒေါ်စန္ဒာအေး(၄၃)နှစ်ဆိုသူတို့ လိုက်ပါလာသည့် သုံးဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်တွင် လမ်းဘေး၌ရပ်ထားသည့် ယာဉ်အမှတ် CONDOR TRUCK ခြောက်ဘီးမော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးသိန်းဇော်ဝင်း၊ ဒေါ်မာမာဝင်း၊ ဒေါ်ခင်ဝင်းနှင့် ဒေါ်စန္ဒာအေးဆိုသူတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် သိန်းဇော်ဝင်းဆိုသူအား ညောင်လေးပင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ကျောက်သဲကျင်းပြိုကျ၍ အမျိုးသားနှစ်ဦး သေဆုံး

**ရွာင် မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်၊ယကြီးကျေးရွာအနီး၌ မေ ၁၇ရက် နံနက် ၁၁ နာရီခွဲက သဲကျင်း၌ ပြိုကျမှုဖြစ်ပြီး အမျိုးသားနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ကျောက်သဲကျင်းတွင် အမျိုးသားလုပ်သား သုံးဦး ကျောက်သဲတူးရာမှ ပြိုကျပြီး ပိမိမှုဖြစ်ပွားသဖြင့် ရွာင်မြို့နယ်မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး သေဆုံးသူ အမျိုးသား နှစ်ဦးနှင့် ထိခိုက်ဒဏ်ရာရသူများအား တိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၅၇)**

## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၊ အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

**ပြင်ဦးလွင် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီး အမျိုးသားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် မွန်းလွဲ ၃ နာရီတွင် ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ မြို့ရှောင်လမ်းမ၊ မိုင်တိုင်အမှတ် ၉ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကနီမြို့နယ်၊ ငုတ်ချောင်းကျေးရွာနေ ဦးတင်ဇော်ဝင်း(၃၁)နှစ် ဆိုသူသည် SHACMAN 22 ဘီး ကုန်တင်ယာဉ်အား မြို့ရှောင်လမ်းအတိုင်း နောင်ချိုမြို့နယ်မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ဦးတင်ဇော်ဝင်းဆိုသူတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် တင်ဇော်ဝင်း ဆိုသူအား ပြင်ဦးလွင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



ဥပဒေဘောင်တွင်း
နေထိုင်ခြင်း၊
ဘေးကင်း
ရန်ကွာ
လွန်ချမ်းသာ။

## ကုန်စုံဆိုင် မီးလောင်မှုဖြစ်ပွား

**လားရှိုး မေ ၁၈**

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၂)၌ မေ ၁၆ ရက် နံနက် ၁၂ နာရီခွဲက ပိုင်ရှင် ဦးဆင်ကွေး(၅၇)နှစ်ဆိုသူ၏ ပေ(၃၀×၂၀)၊ သွပ်မိုး၊ အုတ်ကာ၊ နံကပ်တစ်ထပ် "စွယ်တော်ဖူး" ကုန်စုံဆိုင်တွင် အင်ဗာတာအပူလွန်ကဲရာမှ မီးပွားထွက်ပြီး အနီးရှိ တစ်ရှူး၊ စက္ကူထုပ်များသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် လားရှိုးခရိုင်၊ မြို့နယ်မီးသတ်စခန်းနှင့် ထင်းရှူးမြိုင်နယ်မြေမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၂ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၃၀×၂၀)၊ သွပ်မိုး၊ အုတ်ကာ၊ နံကပ်တစ်ထပ် ကုန်စုံဆိုင်တစ်လုံး၊ ပေ(၃၀×၅၀)၊ သွပ်မိုး၊ အုတ်ကာ၊ နံကပ် နှစ်ထပ်အဆောက်အအုံတစ်လုံး၊ မော်တော်ယာဉ် နှစ်စီး၊ မော်တော်ဆိုင်ကယ် သုံးစီးနှင့် ကုန်ပစ္စည်းမျိုးစုံ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးဆင်ကွေးဆိုသူအား လားရှိုးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မီးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ပျော်ဘွယ် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များက ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများ အသင့်ထားရှိမှု၊ လျှပ်စစ်ဝါယာကြိုးများနှင့် ပြုပြင်ထိန်းသိမ်းမှု၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက သတိပေးစနစ်တပ်ဆင်ထားမှု၊ ရေသိုလှောင်ထားမှု၊ မီးငြိမ်းသတ်ရေးပစ္စည်းများအား သက်ဆိုင်ရာဝန်ထမ်းများ အသုံးပြုတတ်မှု စသည်တို့ကို ကြည့်ရှုပြီး လိုအပ်သော အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

*-*-*-*-*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လူငယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ



နေပြည်တော် မေ ၁၈

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူငယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ယနေ့နံနက် ၉ နာရီက နေပြည်တော် မင်္ဂလာသီရိဟိုတယ်ခန်းမ၌ တွေ့ဆုံသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လက်ရှိလူငယ်များအနေဖြင့် သမိုင်းကြောင်းအစဉ်အလာကောင်းမွန်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် ယနေ့အခမ်းအနားတက်ရောက်လာကြသည့်အသင်းအဖွဲ့အစည်းများရှိ လူငယ်များတွင်လည်း တာဝန်ရှိပါကြောင်း၊ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စေရန်အတွက် မိမိတို့ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့အစည်းများ၊ ပြည်သူများ ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းပြင်ပလူငယ်များအသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရေး၊အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ကျောင်းနေလူငယ်များ အသိပညာ၊ အတတ်ပညာ ပိုမိုပြည့်စုံလာစေရေး၊ နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■ ရှေ့ဖုံးမှ

သီလရှင် ၃၅ ပါး၊ ပုဂ္ဂလိက ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၈၇ ဦးနှင့် ဆရာ၊ ဆရာမ ငါးဦး၊ စုစုပေါင်း ၄၆၄ ဦး လာရောက်လေ့လာကြည့်ရှုကြသည်။

၎င်းနောက် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြခန်း ၁၀ ခန်းဖြင့် ခင်းကျင်းပြသလျက်ရှိသော ပုဂံရှေးဟောင်းသုတေသနပြတိုက် နောက်ခံသမိုင်းကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ဖြစ်ပေါ်လာပုံတို့ကို ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားပြီး ပြခန်း ၁၀ ခန်းအတွင်း ပြသထားရှိသည့် ပစ္စည်းများကို အသိပညာဗဟုသုတရရှိစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ် ဗိသုကာလက်ရာများ၊ ပုဂံခေတ်ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် ပြသပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူနှင့် ပြခန်းတာဝန်ခံများက ပြခန်းတစ်ခန်းချင်းနှင့် ပြကွက်တစ်ကွက်ချင်းအလိုက် ရှင်းလင်းပြသလျက်ရှိရာ လာရောက်လေ့လာသော ဧည့်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို ပြန်လည်မေးမြန်းပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုဂံရှေးဟောင်းသုတေသနပြတိုက်မှ လာရောက်လေ့လာကြသော ရဟန်းသံဃာများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ သိကောင်းစရာများ၊ ပြတိုက်များက ပညာပေးဆွေးနွေးပွဲများ၊ ယဉ်ကျေးမှုလှုပ်ရှားမှုများ စသည်ဖြင့် ဝန်ဆောင်မှုများပေးခြင်းနှင့် ပုဂံပြတိုက်ရှိ ပြသထားသည့် ပြသပစ္စည်းများ၏ သမိုင်းကြောင်းများကို ဉာဏ်စမ်းပဟေဠိမေးခွန်းများအား မေးမြန်းခဲ့ပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ဌာနခွဲ(တာဝန်ခံ)ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၄၈၁)

☼ စာမျက်နှာ ၂၄ မှ

၎င်းသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ထိုင်းအမျိုးသားလက်ရွေးစင်အသင်း၏ လက်ထောက်နည်းပြအဖြစ်ပါ တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၂၄ အာရှဖလားပြိုင်ပွဲတွင် ထိုင်းအသင်းကို (၁၆) သင်းအဆင့် တက်ရောက်နိုင်အောင် ပါဝင်ကူညီပေးခဲ့သူဖြစ်သည်။ ဂျပန်ကလပ်အသင်းများဖြစ်သည့် Kyoto Sanga နှင့် Tegevajaro Miy azaki အသင်းတို့တွင်လည်း နည်းပြတာဝန်များ ရယူခဲ့ဖူးသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နည်းပြချုပ်သစ် မစ္စတာကာတို၏ ဦးဆောင်မှုနှင့်အတူ လာမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများကို မကြာမီ စတင်သွားမည်ဖြစ်သည်။ (NGB)

❒ စာမျက်နှာ ၂၄ မှ

တတိယပွဲငယ် ပြန်လည်ယှဉ်ပြိုင်ခဲ့ရသည်။ တတိယပွဲငယ်အစတွင် မြန်မာအသင်းက တောက်လျှောက်ဦးဆောင်နိုင်သော်လည်း ၉ မှတ်စီ ပြန်တူညီသွားသဖြင့် လက်ကျန်ပွဲချိန်များမှာ အမှားမခံသည့်အနေအထား ပြန်ဖြစ်သွားသည်။ သို့သော် ပွဲပြီးခါနီးတွင် အမှတ်များဆက်တိုက်ရယူကာ ၁၅-၁၂ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အိန္ဒိယအသင်း၊ အိမ်ရှင်မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–** ISTAF

## (၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် မေ ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၈ ခုနှစ် နယုန်လဆန်း ၁၄ ရက်၊ ၂၀၂၆ ခုနှစ် မေ ၂၉ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင်အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက သုံးပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒ ခုနစ်ပါး၊ ဝိနယဓရ ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး စုစုပေါင်း သံဃာတော် ၁၃၃ ပါးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲမှ ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၄၂၂၂၄၈၄၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၃၀၆၇၁၆၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၁၈

ယနေ့ နံနက် ၈ နာရီ ၃၅ မိနစ် ၂၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်–အရှေ့တောင်ဘက် ၂၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျောက်တန်းမြို့နယ်၏ တောင်ဘက် ၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၄ ဒီဂရီ၊ အနက် ၄၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၅ ဒသမ ၂(M) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သိရသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၁၈

ယနေ့မွန်းတည့် ၁၂ နာရီ ၃၁ မိနစ် ၅၀ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဂန့်ဂေါမြို့၏ အရှေ့–အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၁၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၁ ဒီဂရီ၊ အနက် ၃၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သိရသည်။

မိုး/ဇလ

## ၁၈ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၃,၅၀၀ | ၁,၀၅၂ | ၁၄,၂၀၂,၅၀၀ |
| MTSH | ၆,၅၀၀ | ၆,၅၀၀ | ၆,၄၆၁ | ၄၁,၈၈၂,၄၀၀ |
| MCB | ၉,၄၀၀ | ၉,၃၀၀ | ၄၉၃ | ၄,၅၈၅,၂၀၀ |
| FPB | ၄,၄၀၀ | ၄,၅၀၀ | ၄,၂၃၅ | ၁၈,၈၉၄,၀၀၀ |
| TMH | ၃,၃၀၀ | ၃,၂၅၀ | ၇၈ | ၂၅၅,၀၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၃,၃၂၂ | ၅,၈၁၃,၅၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၉ | ၃၅,၅၅၀ |
| MAEX | ၄,၂၀၀ | ၄,၂၀၀ | ၁,၂၈၉ | ၅,၄၁၃,၈၀၀ |
| MADPL(PLB) | ၄,၀၀၀ | ၄,၀၀၀ | ၁၅၄ | ၆၀၈,၅၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၉,၀၀၀ | ၁၀၀ | ၃,၈၅၀,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။






## ဘာရီနက်ဇီယာ ပေါင်ဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိ

**မက်ဒရစ် မေ ၁၈**

ဆိုစီဒက်အသင်းတိုက်စစ်မှူး ဘာရီနက်ဇီယာသည် ပေါင်ဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ဆိုစီဒက်အသင်းက ဂျီရိုနာအသင်းနှင့်တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာရီနက်ဇီယာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဆိုစီဒက်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာရီနက်ဇီယာသည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၃ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ)

(NGB)

## အွန်နရီ၊ ဒီဘာရိုင်းတို့၏ ဂိုးဖန်တီးမှုအများဆုံးပြုလုပ်နိုင်သည့်စံချိန်ကို ဘရူနိုဖာနန်ဒက်စ်လိုက်မီ

**လန်ဒန် မေ ၁၈**

မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် အွန်နရီ၊ ဒီဘာရိုင်းတို့၏ ပရီးမီးယားလိဂ်တစ်ရာသီအတွင်း ဂိုးဖန်တီးမှု အကြိမ်(၂၀)အထိပြုလုပ်နိုင်သည့် စံချိန်အား လိုက်မီခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အမ်ဘူမိုသွင်းယူသည့် သွင်းဂိုးအား ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် အကြိမ်(၂၀)ပြည့်မြောက်သည့် စံချိန်အား လိုက်မီခဲ့ခြင်းဖြစ်သည်။(ယာပုံ)

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၅ပွဲကစားပြီး ရှစ်ဂိုးထိလည်း သွင်းယူနိုင်ခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်အနေဖြင့် ပရီးမီးယားလိဂ် နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် မေ ၂၄ရက်တွင် ကစားမည့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပါက တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးပြုလုပ်နိုင်သည့် ကစားသမားအဖြစ်လည်း စံချိန်မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ (NGB)





## ဩစတြေးလျဘွန်ဒက်လီဂါ ချန်ပီယံဆုကို LASK အသင်း ဆွတ်ခူး

**လန်ဒန် မေ ၁၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဩစတြေးလျဘွန်ဒက်လီဂါချန်ပီယံဆုကို LASK အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

LASK အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဩစတြေးလျဘွန်ဒက်လီဂါ ပွဲစဉ် (၃၂)ပွဲစလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၃၉မှတ်ဖြင့် အဆင့်(၂)နေရာမှ စတမ်ဂရက်ဇ်အသင်းကို နှစ်မှတ်အသာဖြင့် ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။

LASK အသင်း ချန်ပီယံဆု ရယူနိုင်ခဲ့ပြီး အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

LASK အသင်းသည် ၁၉၆၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဩစတြေးလျဘွန်ဒက်လီဂါ ချန်ပီယံဆုကို ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဝီလ်ဖရိုက်ဒ်ဂန္ဒနိတိုကို ခေါ်ယူရန် ဖရိုင်းဘတ်အသင်း စိစဉ်

**မြူးနစ် မေ ၁၈**

ဖရိုင်းဘတ်အသင်းသည် လိဒ်စ်အသင်းတိုက်စစ်မှူး ဝီလ်ဖရိုက်ဒ်ဂန္ဒနိတိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၅ပွဲကစားပြီး ၂၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖရိုင်းဘတ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လိဒ်စ်အသင်းကလည်း ဝီလ်ဖရိုက်ဒ်ဂန္ဒနိတိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဖရိုင်းဘတ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လိဒ်စ်အသင်းမှ ဝီလ်ဖရိုက်ဒ်ဂန္ဒနိတိုကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## 2026 Internazionali BNL d'italia အမျိုးသားတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး

**တူရင် မေ ၁၈**

အီတလီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Internazionali BNL d'italia တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အိမ်ရှင်အီတလီ တင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အိမ်ရှင်အီတလီ တင်းနစ်ကစားသမား Jannik Sinner သည် 2026 Internazionali BNL d'italia တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် နော်ဝေ တင်းနစ်ကစားသမား Casper Ruud အား ၆-၄၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Jannik Sinner က "ကျွန်တော် အခုလို 2026 Internazionali BNL d'italia တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)(NGB)



## ဗင်နီစီယပ်စ် ကစားသမားဘဝ သွင်းဂိုး ၁၅၀ ပြည့်မြောက်

**မက်ဒရစ် မေ ၁၈**

ဘာရာဇီးလက်ရွေးစင်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ကစားသမားဘဝ သွင်းဂိုး ၁၅၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်ခဲ့သည်။




အဆိုပါ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ကစားသမားဘဝတစ်လျှောက်တွင် ဖလာမင်ဂိုအသင်းနှင့်အတူ ၁၄ဂိုး၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၁၂၈ဂိုး၊ ဘရာဇီးလက်ရွေးစင်အသင်းနှင့်အတူ ၈ဂိုး စုစုပေါင်း ဂိုး ၁၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်က "ကျွန်တော် အခုလို ကစားသမားဘဝ သွင်းဂိုး ၁၅၀ ပြည့်မြောက်ခဲ့လို့ ဂုဏ်ယူမိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (အောက်ဝဲပုံ)

(NGB)

## နည်းပြ အလွန်ဆိုကို နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်းခန့်အပ်



**လန်ဒန် မေ ၁၈**

ချဲလ်ဆီးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အလွန်ဆိုကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ချဲလ်ဆီးအသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ အလွန်ဆိုသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် လေဗာကူဆင်၊ ရီးရဲလ်မက်ဒရစ်စသည့်အသင်းများအား ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ချဲလ်ဆီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၄)နှစ်အရွယ်ရှိ အလွန်ဆိုက "ကျွန်တော် ချဲလ်ဆီးအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)

## ဘွန်ဒက်လီဂါ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို အိုလီဆေးလ် ဆွတ်ခူး

**မြူးနစ် မေ ၁၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဘွန်ဒက်လီဂါတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား အိုလီဆေးလ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းကို ဘွန်ဒက်လီဂါချန်ပီယံဆု ဆွတ်ခူးရရှိအောင် ပံ့ပိုးကူညီနိုင်ခဲ့သလို အသင်းနှင့်အတူ ဘွန်ဒက်လီဂါပွဲစဉ် ၃၂ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အိုလီဆေးလ်က "ကျွန်တော် အခုလို ဘွန်ဒက်လီဂါရဲ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ ပျော်ရွှင်မိပါတယ်။ အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ ကျွန်တော့်အနေနဲ့လည်း နောက်ထပ်ဆုတံဆိပ်တွေ ရယူသွားဦးမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၅-၂၀၂၆<br>နံနက် ၀၁း၀၀နာရီ | (၆) ဘုန်းမောက် - မန်စီးတီး (၂)<br>(W,W,D,W,W) (W,D,W,W,W) | ဘုန်းမောက် ၂-၁ မန်စီးတီး<br>မန်စီးတီး ၃-၁ ဘုန်းမောက် |
| ၂၀-၅-၂၀၂၆<br>နံနက် ၀၁း၄၅နာရီ | (၁၀) ချဲလ်ဆီး - စပါး (၁၇)<br>(L,W,L,D,L) (L,D,W,W,D) | ချဲလ်ဆီး ၁-၀ စပါး<br>စပါး ၃-၄ ချဲလ်ဆီး |

# ကျေးရွာမြေငှားဂရန်များနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**မောက်မယ် မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် အများပြည်သူများ၏ အခြေခံလိုအပ်ချက်ကို ရှေးရှု၍ ရက် (၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်များနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက ဟိုနမ့်ကျေးရွာအုပ်စု၊ ဈေးကုန်းကျေးရွာ ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက ကျေးရွာများတွင် ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြသည့် အိမ်ခြံမြေကွက်များကို ရက် (၁၀၀)စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးလျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မောက်မယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကျေးလက်နေပြည်သူများအား မြေငှားဂရန်များ အသီးသီးပေးအပ်ကာ ကျေးရွာပြည်သူလူထုများကိုယ်စား ဦးခွန်လှဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။



ဆက်လက်၍ ရက် (၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးအတွက် မောက်မယ်မြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်ကျော်သက်က ဦးဆောင်ပြီး ဝန်ထမ်းများက ဒေသခံပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို တာဝန်ရှိသူများက ပြည်သူ့လက်ဝယ်အရောက် အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနား (မြို့နယ်အဆင့်) ကျင်းပ

**မန္တလေး မေ ၁၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူး၍ အခြေခံပညာဦးစီးဌာန မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ် သင်တန်းဖွင့်ပွဲ(မြို့နယ်အဆင့်) ကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ အခမ်းအနားကို ပြည်ကြီးတံခွန်မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်နှင့် မြို့နယ်ပညာ ရေးရုံးမှ ဝန်ထမ်းများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဘုန်းတော်ကြီးသင်ကျောင်းများမှ ဆရာ၊ ဆရာမများ စုစုပေါင်း သင်တန်းသား၊သင်တန်းသူ ဆရာ၊ ဆရာမ ၁၅၀ ဦး တက်ရောက်ခဲ့ကြသည်။

အခြေခံပညာဦးစီးဌာန မူလတန်း ဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းကို မေ ၁၄ ရက်မှ ၂၄ ရက်အထိ သင်တန်းကာလ ၁၀ရက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇင်မင်းမောင်(ပြန်/ဆက်)

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်

**သရက် မေ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ရက်(၁၀၀) စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း(ဆပ်ပြာ၊ ခေါင်းလျှော်ရည်)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သရက်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း(ဆပ်ပြာ၊ ခေါင်းလျှော်ရည်)သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)



ထို့နောက် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ တိုင်းဒေသကြီး (၂)လွှတ် တော်ကိုယ်စားလှယ် ဒေါက်တာညိုဝင်း၊ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယဦးစီးမှူး ဒေါ်ယုယုခိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရတို့က သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လူ

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၆၀၆၁ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၆၀၆၁ ဧကလျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ဆီထွက်သီးနှံ မြေပဲ ၆၀၆၁ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေဖို့၊ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား မြင့်တင်နိုင်စေဖို့ရည်ရွယ်ပြီး ဆီထွက်သီးနှံ မြေပဲ ၆၀၆၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။သတ်မှတ်လျာထား စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးနည်းပညာတွေနဲ့ မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးသွားပါမယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

(အောက်ပုံ)

(၄၄၅)



# ပုသိမ်ကြီးမြို့နယ် အ.ထ.ကကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုသိမ်ကြီး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် ဘုရားစေတီပုထိုးများ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများ၊ သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက် နံနက် ၇ နာရီက ပုသိမ်ကြီးမြို့နယ် အခြေခံပညာကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ဦးက ကျောင်းဝင်းအတွင်း ရှိ အမှိုက်နှင့် ချုံနွယ်များ ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ စနစ်တကျ စွန့်ပစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို အောင်မြေသာစံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အ.ထ.က ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မေဝတီ(ပုသိမ်ကြီး)

## မြန်မာ့ဂီတနေ့ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မေ ၁၈**

ဇွန် ၂၇ ရက်တွင် ကျရောက်မည့် မြန်မာ့ဂီတနေ့ကို စည်ကားစွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မေ ၁၇ ရက် နံနက်ပိုင်းက မန္တလေး၊ ၂၆လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြားရှိ ပဲလေ့စ်ဗျူးဟိုတယ်ခန်းမဆောင်တွင် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံး နာယက ဦးမြတ်စိုးဆွေ၊ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ဂီတအသင်းအရုံးဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံး နာယက၊က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြန်လည်ပြင်ဆင်ဖွဲ့စည်းသော မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးအဖွဲ့ဝင် အင်အားစာရင်းနှင့် လာမည့် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် မြန်မာ့ဂီတနေ့တွင် သီချင်းဆိုပြိုင်ပွဲ ကျင်းပနိုင်ရေးအပါအဝင် တက်ရောက်လာသူများက အစည်းအရုံး၏ အသင်းဝင်ကတ်ကိစ္စရပ်များနှင့် မြန်မာ့ဂီတနေ့အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။



မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးအတွက် ပြင်ဆင်ဖွဲ့စည်းသောအဖွဲ့ဝင်စာရင်းတွင် နာယကအပါအဝင် နာယကလေးဦးနှင့်အတူ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ (၁)ဦးသက်နိုင်ထွန်း၊ ဒုဥက္ကဋ္ဌ(၂) ဦးသော်တာဦး၊ အတွင်းရေးမှူး ဒေါ်နှင်းနှင်းဖြူ၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမင်းခန့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးဇော်လတ်၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ထွေးနှင့်အတူ အဖွဲ့ဝင်အင်အား ၂၅ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

(ဝဲပုံ) (ဝ၃၂)



## မြို့မိ မြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံ

**နွားထိုးကြီး မေ ၁၈**

နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သိန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များနှင့် မြို့မအမှတ်(၁၊၂၊၃၊၆) ရပ်ကွက်များမှ မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ကျောင်းသားမိဘများနှင့် တွေ့ဆုံရာ ကျောင်းတွင် လိုအပ်လျက်ရှိသော ရေ၊ လျှပ်စစ်မီးရရှိရေး၊ ပျက်စီးနေသော ကျောင်းဆောင်များ အချိန်မီ ပြုပြင်နိုင်ရေး၊ ပရိဘောဂများရရှိနိုင်ရေးတို့အတွက် တက်ရောက်လာသည့် ကျောင်းအကျိုးတော်ဆောင်၊ ရပ်မိ၊ ရပ်ဖများက ကူညီထောက်ပံ့ပေးသွားကြရန်နှင့် မိမိတို့ဘက်မှလည်း လိုအပ်သမျှ ကူညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

တင့်လွင်ဦး

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ်၊ ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။ (အောက်ပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ အတိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။



အဆိုပါ ရွှေဥဒေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား ၇၅ ဦးကို ငွေကျပ် ၃၂၉ သိန်း ထုတ်ချေးပေးထားကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။

သူသူ

## ပေါင်းလဲရွှေသာလျောင်းမြတ်စွာဘုရား ဓနဝတီဂန္ဓကုဋိစံကျောင်းတော်အတွင်းရှိ ဆင်းတုတော်ပြုပြင်ရန်အတွက် အလှူငွေ လှူဒါန်း

**မန္တလေး မေ ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ပိုင်း ပေါင်းလဲရွှေသာလျောင်း မြတ်စွာဘုရားစံကျောင်းအတွင်းရှိ ဆင်းတုတော် ခုနစ်ဆူ(ငလျင်ဒဏ်ကြောင့်ပျက်စီး)သွားသည်ကို ပြန်လည်ပြုပြင်ရန်အတွက် ဂေါပကအဖွဲ့ရုံးခန်းသို့ အလှူရှင် ကိုထွန်းထွန်းအောင်+ မစန္ဒာဝင်း၊ (သား) မောင်စက်ယံနိုင်၊မောင်ခေတ်ဉာဏ်လင်း (Jade Diary Co.,Ltd) Jade Diary ကျောက်စိမ်း(ဘော်ဒီ)သင်တန်းနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေး မိသားစုတို့က အလှူငွေကျပ် သိန်း ၃၀ ကို ယနေ့ နံနက်ပိုင်းက လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးမောင်မောင်(ရွှေလက်ရာ)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။




ပေါင်းလဲရွှေသာလျောင်း မြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(ကဆ)

## အီးအမ်ဘိုကာရှီမြေဆွေးပုံ လက်တွေ့ပြုလုပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်ကြဲပက်ခြင်း ကွင်းဆင်းသရုပ်ပြပွဲ ကျင်းပ

**လားရှိုး မေ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် မြို့နယ်အတွင်းရှိ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ပန်းတိုင် အထွက်နှုန်းရရှိရေး၊ လယ်ယာထွက်သီးနှံ အကြွင်းအကျန်များနှင့် သဘာဝမြေဩဇာတို့ဖြင့် ရောစပ်၍ အီးအမ်(EM) ဘိုကာရှီမြေဆွေးပုံ လက်တွေ့ပြုလုပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်ကြဲပက်ခြင်းကွင်းဆင်းသရုပ်ပြပွဲကို မေ ၁၇ ရက် နံနက်ပိုင်းက ဟူးမွန်ကျေးရွာအုပ်စု၊ ရေပူစမ်းကွင်းရှိ တောင်သူ ဦးဟော်၏ စိုက်ခင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ လွှတ်တော်ကိုယ်စားလှယ်များ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့်တောင်သူများကို သီးနှံမျိုးစေ့၊ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် ရွက်ဖျန်းမြေဩဇာများ ပေးအပ်ခဲ့သည်။

ထို့နောက် လားရှိုးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းတိုးတိုးက သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အခြေခံ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်နှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော တောင်သူများအား အီးအမ်(EM)ဘိုကာရှီမြေဆွေးပုံ လက်တွေ့ပြုလုပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာပိုက်ဆံလျှော် ကြဲပက်ခြင်းများအား လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)လှမော်(ပြန်/ဆက်)**



## အခွန်တံဆိပ်ခေါင်းများ မှန်ကန်စွာကပ်နှိပ်ပါရှိခြင်း ရှိ၊ မရှိ ပူးပေါင်းကွင်းဆင်းစစ်ဆေး

**မြင်းခြံ မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်အတွင်း ဆေးလိပ်လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော စတိုးဆိုင်၊ ကုန်စုံဆိုင်ကြီးများသို့ ဆေးလိပ်ရောင်းချမှုတို့တွင် အခွန်တံဆိပ်ခေါင်းများ မှန်ကန်စွာကပ်နှိပ်ပါရှိခြင်း ရှိ၊ မရှိနှင့် Mevius Original Blue ဆေးလိပ်အတုများ ရောင်းချခြင်း ရှိ၊ မရှိတို့ကို မေ ၁၆ ရက်က မြင်းခြံမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**



# ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ မြန်မာကဗျာ

နွေဦးရာသီမို့ နွေက မညှာမတာပူ၍ ပြလေ၏။ နွေ၏အပူကြောင့် ထိုလူ ဤလူ စတဲ့ လူတွေ အပူတွေတိုးလာ၍ အပူဒဏ်ရဲ့ ဒုက္ခကို ခံကြရ၏။ နွေနေ့လယ်ခင်းမှာ လက်တစ်ကမ်းက စာအုပ်စင်ပေါ်တွင် စာအုပ်တစ်အုပ်ကို စာရေးသူသည် ဆွဲယူထုတ်လိုက်၏။

စာအုပ်၏အမည်မှာ "သုကုမာရမဂ္ဂဒီပနီနှင့် လယ်တီမင်္ဂလသုတ္တန်" ဖြစ်ကြောင်း သိရ၍ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး စီရင်ရေးသားအပ်သော စာအုပ်ဖြစ်လေရာ ရတနာသိုက်တွေ ရသလို စာအုပ်ရဲ့ စာမျက်နှာတွေ ဖွေရှာဖတ်ရသည်တွင် ဗဟုသုတ အသစ်တွေ၊ ရေမူရေးဟန်တွေ အသစ်တွေ ပွားတိုးတာကြောင့် နွေအပူအာရုံပျောက်၍ စာအုပ်၊ စာပေကပေးသော အအေးဓာတ် အာရုံရောက်လာ၏။ ပျော်ရွှင်မှု၊ စာအုပ်၊ စာပေနဲ့ မွေ့လျော်ခြင်းမှာ လမ်းမှားမရောက်မှု၍ စိတ်ကြည်နူးမှု ရရှိပါ၏။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဇာတိရပ်ရွာမှာ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရွာဖြစ်၍ အဘမှာ ဦးထွန်းသာ၊ အမိ ဒေါ်ကျုံးဖြစ်၏။

ကောဇာသက္ကရာဇ် ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ ညဉ့်တစ်ချက်တီးကျော် မင်္ဂလာအချိန်တွင် လယ်တီဆရာတော်ဘုရားကြီး ဖွားမြင်တော်မူ၏။

ငယ်မည်မှာ မောင်တက်ခေါင် တွင်ခေါ်၍ ရဟန်းဘွဲ့တော်မှာ ရှင်ဉာဏဟု ထင်ပေါ်တော်မူ၏။

ဒီပနီအမည်ရှိ စာပေကျမ်းတွေ ပြုစုသည်တွင် ထိုဒီပနီကျမ်းများစွာထဲက ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ သုကုမာရမဂ္ဂဒီပနီအမည်ရှိ စာပေကျမ်းလာ မြန်မာကဗျာကို စာဖတ်သူချစ်မိတ်ဆွေများအား မျှဝေပါရစေ။

"ခနေပေါမှု၊ ကုသိုလ်ပေါရာ၊ ပညာပေါငြား ပေါ သုံးပါးကို မနား မနေ ကြိုးစားလေ"။

**ခနေပေါမှု**

ထိုလူ ဤလူ လူများစွာတို့မှာ နေ့စဉ်ဘဝ စားဝတ်နေရေးအတွက် ငွေကြေးခနဥစ္စာကို နည်းလမ်းမျိုးစုံနှင့် ဖွေရှာနေကြပုံကို သွားရင်းလာရင်း မြင်တွေ့ကြရ၏။

ချမ်းသာသူ၊ ဆင်းရဲသူ၊ လူကြီးလူငယ်၊ အမျိုးသမီး၊ အမျိုးသား မည်သူမဆို ငွေကြေးပြည့်စုံမှုကို လိုလားတောင့်တကြပေရာ မဖြစ်မနေ ငွေကြေးရှာဖွေကြရ၏။

၁။ ဥဋ္ဌာနသမ္ပဒါ

ငွေကြေးလိုအပ်မှုအတွက် ပြည့်စုံသော ငွေကြေးပမာဏအတွက် အချိန်သည် အဖိုးတန်ဆုံး အရင်းအနှီးတစ်ခုဖြစ်၏။

ဥဋ္ဌာတာ ဝိန္ဒတေ ခနံ ·····ထကြွနိုးကြား လုံ့လဝီရိယရှိသူမှာ လိုအပ်နေသော ငွေကြေးခနရတတ်ကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

အိပ်နေသော ခြင်္သေ့ခံတွင်းသို့ သားကောင်အစား အစာမဝင်ရ မဝင်နိုင်သလို အပျင်းဖက်၍ အိပ်နေသူအဖို့ လူ၏စိတ်တန်ခိုး ဘုန်းကျက်သရေမှာ မှေးမှိန်လျက်နေတတ်၏။

အေးသည်၊ ပူသည်၊ စောသည်၊ မိုးချုပ်သည်၊ ပြည့်အင့်သည်၊ ဗိုက်ဆာသည်ဟူ၍ အကြောင်းပြလျက် အပျင်းဖက်ခြင်းကြောင့် လောကကို အရှုံးပေးလိုက်၍ ငွေကြေးခနပြည့်စုံမှုနှင့် ဝေးနေ၏။

အချိန်ကို တိကျလေးစားစွာ အလုပ်မရွေး လုပ်တတ်သူအဖို့ အလုပ်ရှိ၍ ငွေကြေးရကာ ငွေကြေးခန ပြည့်စုံတတ်၏။

၂။ အာရက္ခသမ္ပဒါ

အလုပ်လုပ်၍ ရရှိလာသော ငွေကြေးပမာဏကို စောင့်ရှောက်ထိန်းသိမ်းတတ်မှု ပါဝါစွမ်းအားလည်း လိုအပ်လာ၏။

ငွေကြေးရလာလျှင် လိုအပ်သလော၊ လိုချင်သလော မတွေးတောမှု၍ ဈေးဆိုင်တွင် တွေ့ရာဝယ်သောအခါ ငွေကြေးခန ဆုံးရှုံးတတ်၏။

ငွေကြေးခနရလာသောအခါ ဘဏ်များတွင် အပ်နှံခြင်း၊ မြေယာဝယ်ခြင်း စတဲ့ ငွေတိုးပွားသောအလုပ်ဌာနများတွင် ငွေသုံးတတ်သော အရည်အချင်းတွေရှိဖို့ လိုအပ်ကြောင်း ငွေကြေးချမ်းသာကြွယ်ဝသူတွေ သိနားလည်ကြ၏။

၃။ ကလျာဏမိတ္တသမ္ပဒါ

နေ့စဉ်ဘဝတွင် လူသားတိုင်းအတွက် စားဝတ်နေရေး အဆင်ပြေစေဖို့ ငွေကြေးခနလိုအပ်သည်တွင် မိတ်ဆွေကောင်းတွေနဲ့ ချိတ်ဆက်၍ အလုပ်သဘောဆောင်ရွက်ခြင်းအားဖြင့် ငွေကြေးငွေစ ရပေါက်ရလမ်း အခွင့်အလမ်းသာစေပါ၏။

၄။ သမဇီဝိတသမ္ပဒါ

မိမိရှာဖွေရရှိလာသော ငွေကြေးငွေစ ခနဥစ္စာကို လိုအပ်သလို မသုံးမှု၍ ဝင်ငွေ၊ ထွက်ငွေ စာရင်းဇယားရေးမှတ်ပြီးလျှင် မျှတစွာ သုံးတတ်ရန် လိုအပ်၏။

သမ္မာအာဇီဝ တရားနည်းမျှတစွာဖြင့် ရလာသောငွေကြေးကို လေးပုံ ပုံပြီးလျှင် တစ်ပုံကိုစား နှစ်ပုံကို ရင်းနှီး တစ်ပုံကိုမူ စုငွေအဖြစ် တိကျစွာ သတ်မှတ်၍ စားတဲ့အထဲကလှူရန် ပြုလုပ်သင့်ကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

လူမိုက်နဲ့ငွေ အတူမနေ ဆိုသည့်အတိုင်း ငွေကြေးခန ဥစ္စာမှာ လူမိုက်၏လက်ထဲ မမြဲမှု၍ လိမ္မာကျွမ်းကျင်စွာ သုံးတတ်ရန် အထူးအရေးကြီးလှသည်။

ကမ္ဘာ့သန်းကြွယ်သူဌေးကြီးများမှာ စုပြီးမှ ကျန်တဲ့ငွေကို လုံလောက်စွာ အသုံးပြု အသုံးချကြောင်း သိရ၏။

**ကုသိုလ်ပေါရာ**

မြန်မာစကားတွင် ကုသိုလ်ဟူသော ဝေါဟာရကို လူသားတိုင်းပြောကြ၍ ကုသိုလ်တရားတွေ ဆောင်ရွက်လုပ်ကိုင်ကြသည်ကို ထိုနေရာ ဤနေရာ စတဲ့နေရာတို့တွင် တွေ့မြင်နိုင်သည်။

ကုသိုလ်ဆိုတာဘာလဲ။ ကုသေန ဉာဏေန လာ တဗ္ဗန္တိ ကုသလံ။ အသိဉာဏ်နဲ့ ယူအပ်သော အခြင်းအရာကို ကုသိုလ်ဟု ခေါ်ကြောင်း သိရ၏။

အနဝဇ္ဇ သုခဝိပါက လက္ခဏာ။ ကုသိုလ်တရားတွင် အပြစ်မရှိ ချမ်းသာခြင်း အကျိုးလက္ခဏာရှိသောကြောင့် ကုသိုလ်မှာ လုပ်သင့်

> မြန်မာစကားတွင် ကုသိုလ်ဟူသော
> ဝေါဟာရကို လူသားတိုင်းပြောကြ၍
> ကုသိုလ်တရားတွေ
> ဆောင်ရွက်လုပ်ကိုင်ကြသည်ကို
> ထိုနေရာ ဤနေရာ
> စတဲ့နေရာတို့တွင် တွေ့မြင်နိုင်သည်။
> ကုသိုလ်ဆိုတာဘာလဲ။ ကုသေန
> ဉာဏေန လာ တဗ္ဗန္တိ ကုသလံ။
> အသိဉာဏ်နဲ့ ယူအပ်သော အခြင်းအရာကို
> ကုသိုလ်ဟု ခေါ်ကြောင်း သိရ၏ ...

လုပ်ထိုက်သောတရား သဘောဖြစ်သည်။

ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အလုပ်တွေ ကြိုးစား၍ မနားမနေ အားထုတ်လျှင် လက်တွေ့ဆောင်ရွက်ခြင်းအားဖြင့် လူဖြစ်ကျိုးနပ်ပြီးလျှင် ဇာတိ-ပဋိသန္ဓေနေခြင်းဟူသော သမုဒယသစ္စာနှင့် ဇရာ မရဏာ- အိုမှု၊ သေမှုဟူသော ဒုက္ခသစ္စာတို့ကို သိမြင်လာ၏။

**ပညာပေါငြား**

လူသားတိုင်း ငယ်ရွယ်စဉ်မှစ၍ အခြေခံပညာကျောင်းများတွင် နေ့စဉ်မပျက် ကျောင်းမှန်မှန်တက်၍ အတတ်ပညာတွေ သင်အံလေ့ကျင့်ခဲ့ကြ၏။

အခြေခံပညာကျောင်း မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရပ်ဖြစ်တဲ့ အတန်းပညာအောင်သောအခါ တက္ကသိုလ်တစ်ခုခုမှာ တက်ရောက်၍ ဆက်လက်ပညာသင်ယူ၍ တက္ကသိုလ်ဘွဲ့တစ်ခုခုရပြီးလျှင် အလုပ်ခွင် နေ့စဉ်ဝင်ရောက်ကြရသည်။

အချို့မှာ ဘဝထဲက ရရှိလာသော အသိပညာ၊ အတတ်ပညာတို့နှင့် ဘဝတစ်ခုဟူသော ခန္ဓာ ငါးပါး၏ဝန်ကို ရှင်သန်အောင် နေထိုင်ကြရ၏။

မည်သို့ဆိုစေ ဆင်းရဲချမ်းသာမရွေး လူသားတိုင်း စာအုပ်၊ စာပေနှင့် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့ကို နေ့စဉ်ဖွေရှာဖတ်ရှုခြင်းအားဖြင့် အသိပညာပွားတိုးလျက် ပညာပေါကြွယ်ဝဖို့ မနားမနေ ကြိုးစားအားထုတ်ကြရသည်။

ထို့ကြောင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် ခေတ်သစ်၊ နှစ်သစ် မြန်မာလူငယ်တို့၏ တိုးတက်ကြီးပွားရေးအတွက် မြန်မာကဗျာရေးဖွဲ့၍ သတိပေးခဲ့တော်မူပါသည်။

"ခနေပေါမှု၊ ကုသိုလ်ပေါရာ၊ ပညာပေါငြား၊ ပေါ သုံးပါးကို မနားမနေ ကြိုးစားလေ။"

**မြတ်ထေရ်ကျော်**

## လူ့ရည်ချွန်လေ့လာရေးခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**မိုင်းယောင်း မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့ အ·ထ·က(မိုင်းယောင်း)၌ ယနေ့ နံနက်ပိုင်းက လူ့ရည်ချွန်လေ့လာရေးခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အ·ထ·က(မိုင်းယောင်း) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ဂုဏ်ပြုစကားပြောကြားပြီး လူ့ရည်ချွန်မောင်မယ်များက လူ့ရည်ချွန်စခန်းအသီးသီးသို့ သွားရောက်ခဲ့သည့် ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေခရီးစဉ်များတွင် လေ့လာခဲ့ရသော နိုင်ငံတော်၏ အထင်ကရနေရာများ၊ သမိုင်းဝင်အမွေအနှစ်များနှင့် ရရှိခဲ့သော အသိပညာ ဗဟုသုတများ၊ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အမှတ်တရများ၊ အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လူ့ရည်ချွန်မောင်မယ်များအား ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

**စိုင်းအောင်ဇော်လင်း**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



# မကွေးတက္ကသိုလ်တွင် Google Classroom အသုံးပြုသင်ကြားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်



**မကွေး မေ ၁၈**

ယနေ့ခေတ်တွင် ဒီဂျစ်တယ်နည်းပညာများ တိုးတက်လာမှုနှင့်အတူ သင်ကြားရေးနည်းလမ်းများကိုလည်း ပြောင်းလဲတိုးတက်လာစေရန် ရည်ရွယ်၍ မကွေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများအား အွန်လိုင်းနည်းပညာများကို ကျွမ်းကျင်စွာ အသုံးချနိုင်စေရန်နှင့် သင်ကြားမှုအရည်အသွေး ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ "Google Classroom" အသုံးပြု၍ အွန်လိုင်းစနစ်ဖြင့် သင်ကြားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(Capacity Building Program on Digital Teaching using Google Classroom)ကို မကွေးတက္ကသိုလ် သုတေသနဌာနစင်တာ (URC) ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းမှ စတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါ သင်တန်းကို မကွေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာတင်အောင်မြင့်က ဦးဆောင်သင်ကြားပေးမည်ဖြစ်ပြီး ဘာသာရပ်ဌာန ၁၅ခုမှ ဆရာ၊ ဆရာမ နှစ်ဦးစီ တက်ရောက်သင်ယူကြသည်။ သင်တန်းတွင် Google Classroom အသုံးပြု၍ အွန်လိုင်းအတန်းများ ဖန်တီးခြင်း၊ သင်ခန်းစာများနှင့် Assignment များ ပေးပို့စီမံခြင်း၊ အမှတ်ပေးစနစ်များကို စနစ်တကျ ဆောင်ရွက်ခြင်း စသည့် ဘာသာရပ်များကို လက်တွေ့အသုံးချနိုင်သည်အထိ ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းကာလကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာသင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းများပြီးဆုံးသည့်အခါ သက်ဆိုင်ရာဌာနအသီးသီးတွင် ဆင့်ပွားသင်တန်းများကို မေလကုန်အထိ ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## လမ်းဆက်လျှောက်ကြမယ်

* အသိ၊ အလိမ္မာ၊ ပညာနည်းပါး
လမ်းမှားကိုလိုက် လူ့အမှိုက်တွေ
ဒုစရိုက်တွေက လက်ယပ်ခေါ်နေတယ် ။

* မူးယစ်စေသော ဆေးတွေသုံးစွဲ
လွန်ကဲလာလေ စိတ်တွေဖောက်ပြန်
ကိုယ်ခံအားနည်း ယိုင်လဲနေကြတယ် ။

* လဲနေသူကို ထူ မ,ပေးပါ
စာနာစိတ်ထား နှလုံးသားနှင့်
ခွဲခြားမှုမပြုဘဲ ဆက်ဆံကြရမယ် ။

* လူအချင်းချင်း ရိုင်းပင်းကူညီ
တူညီမေတ္တာ အကြင်နာလက်ကမ်း
တန်းတူညီမျှ ဝိုင်းဝန်းဖေးမကွယ် ။

* သန်းခေါင်ယံထက် ညဉ့်နက်နေလည်း
နံနက်ခင်းမှာ အလင်းရောင်ဖြာ
အေးချမ်းသာယာ လုပလာလိမ့်မယ် ။

* လက်ကျန်ဘဝ လှပစေရန်
ခုခံအားတွေ ကျဆင်းနေမှု
ယခုပင်လျှင် ပြုပြင်တိုက်ဖျက်ကြရမယ် ။

* ခရီးတစ်ထောက် လမ်းတွေပျောက်လည်း
လမ်းသစ်ဖောက်ရင်း လက်ချင်းတွဲကူ
အားလုံးအတူတူ
လမ်းဆက်လျှောက်ကြမယ် ။ ။

**မိုးထက်ကို(အမရပူရ)**

# ပြည်သူ့စာကြည့်တိုက်တွင် လူငယ်နှင့်မြန်မာ့ယဉ်ကျေးမှုများအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တောင်တွင်းကြီး မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက်၌ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှုများအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့က ကျင်းပခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ကျွမ်းကျင်(၃)ရုပ်သံ ဒေါ်မိုင်စန်းသီတာဌေးတို့က ယဉ်ကျေးမှု၏ အဓိပ္ပာယ်နှင့် မြန်မာ့ယဉ်ကျေးမှုများအကြောင်း၊ ယနေ့ခေတ် လူငယ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းသင့်ပုံများအကြောင်း၊ ယဉ်ကျေးမှုတွင် အမျိုးသားယဉ်ကျေးမှု၊ အရှေ့တိုင်းယဉ်ကျေးမှု၊ အနောက်တိုင်းယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုများအကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းဖို့ လိုအပ်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှုများအကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**




# ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆင့်ပွားသင်တန်းဆွေးနွေးပွဲ ဆောင်ရွက်

**ကျေးသီး မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်တွင် KG နှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆင့်ပွားသင်တန်းဆွေးနွေးပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆင့်ပွားဆွေးနွေးပွဲကို ကျေးသီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းမှ မူလတန်းအဆင့်သင် ဆရာ၊ ဆရာမ စုစုပေါင်း ၁၀၄ ဦး တက်ရောက်ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဆွေ၏ ကြီးကြပ်မှုနှင့်အတူ သင်တန်းနည်းပြ သုံးဦးဖြစ်သော ဆရာမ ဒေါ်မေသန္တာမောင်၊ ဆရာမ ဒေါ်ဒေလီယာနှင့် ဆရာဦးစိုင်းနောင့်တို့က မေ ၁၄ ရက်မှ ၂၄ ရက်အထိ ၁၀ ရက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

**ချောက် မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ အခြေခံပညာဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အဆင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် သုံးဦး၊ အလယ်တန်းအဆင့် ၁၃ ဦး၊ မူလတန်းအဆင့် ခြောက်ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်မှုအား အခြေခံပညာဦးစီးဌာနမှ ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အထိမ်းအမှတ်နေ့တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။**ကျော်မိုး(ပြန်/ဆက်)**



# သမ္မတထရမ့်နှင့် သမ္မတရှီကျင့်ဖျင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တရုတ်နိုင်ငံက အမေရိကန်စိုက်ပျိုးရေးထွက်ကုန်များ ဝယ်ယူမည်



**ဝါရှင်တန် မေ ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုထံမှ တစ်နှစ်လျှင် အနည်းဆုံးတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ဝယ်ယူသွားမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။


တရုတ်နိုင်ငံသည် ထိုသို့ဝယ်ယူမှုများကို ၂၀၂၈ ခုနှစ်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်အတွက် ရည်မှန်းချက်ကို ယခုနှစ်လက်ကျန်ကာလအတွင်း အချိုးကျအခြေခံဖြင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ယခုသဘောတူညီချက်သည် ပြီးခဲ့သည့် အောက်တိုဘာလက တောင်ကိုရီးယားနိုင်ငံ၌ ပြုလုပ်ခဲ့သော ထရမ့်နှင့်ရှီတို့၏ ထိပ်သီးအစည်းအဝေးတွင် တရုတ်နိုင်ငံက အမေရိကန် ပဲပုပ်စေ့ အနည်းဆုံး မက်ထရစ်တန် ၈၇ သန်း ဝယ်ယူရန် ကတိပြုထားခဲ့မှုအပြင် ထပ်ဆောင်းဝယ်ယူခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က အတည်ပြုသည်။

ထို့ပြင် တရုတ်နိုင်ငံသည် သက်တမ်းကုန်ဆုံးသွားသော အမေရိကန် အမဲသားထုတ်လုပ်သည့် စက်ရုံပေါင်း ၄၀၀ ကျော်၏ စာရင်းကို သက်တမ်းတိုးပေးခြင်းဖြင့် အမေရိကန်အမဲသားအတွက် ဈေးကွက်ဝင်ရောက်ခွင့်ကို ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ပြီး အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ကြက်ငှက်တုပ်ကွေးရောဂါ ကင်းစင်သည်ဟု သတ်မှတ်ထားသည့် ပြည်နယ်များမှ ကြက်ငှက်သားတင်သွင်းမှုများကိုလည်း ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## (၇၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တော်၌ စတင်ကျင်းပ



**ဂျီနီဗာ မေ ၁၈**

(၇၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကို မေ ၁၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ စတင်ကျင်းပကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မေ ၁၇ ရက်က ဂျီနီဗာမြို့၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ညွှန်ကြားရေးမှူး လေဟိုင်ချောင်ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့က ညီလာခံကာလအတွင်း နည်းပညာဆိုင်ရာကိစ္စရပ် အများအပြားနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံးနှင့် ဆွစ်ဇာလန်နိုင်ငံရှိ အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဆိုင်ရာ တရုတ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ကျားကွေ့သဲနှင့် တရုတ်နိုင်ငံ အမျိုးသားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစီမံခန့်ခွဲမှုဦးစီးဌာန အကြီးအကဲ ရှန်ဟုန်ပင်းတို့လည်း တက်ရောက်ခဲ့သည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့တွင် အမျိုးသားကျန်းမာရေးကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဂျီနီဗာမြို့ရှိ တရုတ်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့တို့မှ တာဝန်ရှိသူများအပြင် ဟောင်ကောင်နှင့် မကာအိုအထူးအုပ်ချုပ်ရေးဒေသတို့မှ ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်း သိရသည်။ **Mon**

# STOP AIDS

## ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီး၌ ဖွံ့ဖြိုးရေးနှစ်ရှည်စီမံချက် ချမှတ်ဆောင်ရွက်

**ဟနွိုင်း မေ ၁၈**

ဗီယက်နမ်နိုင်ငံတောင်ပိုင်းရှိ ဟိုချီမင်းစီးတီးအား အာရှ-ပစိဖိတ်ဒေသ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးပြီးတီထွင်ဆန်းသစ်မှုရှိသည့် နေထိုင်ချင်စရာကောင်းသော နေရာဒေသတစ်ခုဖြစ်လာစေရေးအတွက် ၂၀၂၅ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း နှစ်ရှည်စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေသခံမီဒီယာ VnEconomy က မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

မြူနီစီပယ် ပြည်သူ့ကော်မတီက အတည်ပြုခဲ့သည့် ၎င်းလုပ်ငန်းစဉ်တွင် ဟိုချီမင်းစီးတီးဒေသ၏ ဒေသတွင်း အသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုးကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းအထိ မြှင့်တင်ရန်နှင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံအထိ ရောက်ရှိရေး ရည်မှန်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဟိုချီမင်းစီးတီးအား ဒေသတွင်း စီးပွားရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွား၊ ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ဒေသတွင်းအချက်အချာနေရာတစ်ခုဖြစ်လာစေရေး ဆောင်ရွက်မည်ဖြစ်သည်။

ဟိုချီမင်းစီးတီးအား ခေတ်မီအခြေခံအဆောက်အအုံများဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် ဒေသနှင့် အရှေ့တောင်အာရှဒေသအတွင်း ဒေသခံများ၏ လူမှုစီးပွားဘဝအမြင့်မားဆုံးနှင့် ဝင်ငွေအများဆုံးရရှိသည့် ဒေသဖြစ်လာရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## အိုင်ဒါဟိုပြည်နယ် အနောက်မြောက်ပိုင်း လေကြောင်းပြပွဲတွင် တိုက်လေယာဉ်နှစ်စင်း ဝေဟင်ထဲ၌ အချင်းချင်း ဝင်တိုက်မိ

**ဝါရှင်တန် မေ ၁၈**

အမေရိကန်ပြည်ထောင်စု အိုင်ဒါဟိုပြည်နယ်အနောက်မြောက်ပိုင်းတွင် မေ ၁၇ ရက်က ပြုလုပ်ခဲ့သည့် လေကြောင်းပြပွဲတစ်ခုအတွင်း တိုက်လေယာဉ်နှစ်စင်း ဝေဟင်ထဲ၌ အချင်းချင်းဝင်တိုက်မိပြီး လေသူရဲများလေထီးဖြင့် ဘေးကင်းစွာ ခုန်ထွက်နိုင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

"မောင့်တိန်းဟုမ်း လေတပ်အခြေစိုက်စခန်း၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ"တွင် လေယာဉ်မတော်တဆမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ဂန်းဖိုက်တာစကိုင်းစ်လေကြောင်းပြပွဲ၏ ဝက်ဘ်ဆိုက်တွင် တင်ထားသည့် ထုတ်ပြန်ချက်တစ်ခု၌ အတည်ပြုသည်။

"အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကာ အသေးစိတ်အချက်အလက်များကို ရရှိနိုင်မှု အပေါ်မူတည်၍ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်သည်"ဟု အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ရေတပ်၏ အီးအေ-၁၈ တိုက်လေယာဉ်နှစ်စင်းပေါ်မှ အဖွဲ့ဝင်လေးဦးစလုံး ဘေးကင်းစွာ ခုန်ထွက်နိုင်ခဲ့ကြောင်း သိရသည်။ **Mon**

## ဒီမိုကရက်တစ်သမ္မတကွန်ဂိုနိုင်ငံနှင့် ယူဂန္ဒာနိုင်ငံတို့တွင် အီဘိုလာရောဂါကူးစက်ခံရပြီး လူအများအပြား သေဆုံး

**ကင်ရှာဆာ မေ ၁၈**

ဒီမိုကရက်တစ်သမ္မတ ကွန်ဂိုနိုင်ငံနှင့် ယူဂန္ဒာနိုင်ငံတို့တွင် လူပေါင်းရာနှင့်ချီ ကူးစက်ခံရပြီး လူအများအပြား သေဆုံးခဲ့သည်ဟု သံသယရှိရသော အီဘိုလာရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် နိုင်ငံတကာက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပြီး အမေရိကန်ပြည်ထောင်စုသည်လည်း ရောဂါဒဏ်ခံရသော ၎င်း၏နိုင်ငံသား"အရေအတွက်အနည်းငယ်"ကို နေရာရွှေ့ပြောင်းပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မေ ၁၇ ရက်က အီဘိုလာကူးစက်မြန်ရောဂါကို "နိုင်ငံတကာအဆင့် စိုးရိမ်ရသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ"အဖြစ် ကြေညာခဲ့သည်။

နောက်ဆုံးဖြစ်ပွားသည့် ထိုကူးစက်ရောဂါသည် "ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအရေးပေါ်အခြေအနေ"အဆင့်သတ်မှတ်ချက်သို့ မရောက်ရှိသေးသော်လည်း လက်ရှိစစ်ဆေးတွေ့ရှိပြီး အစီရင်ခံထားသည်ထက် ပိုမိုကြီးမားသော ရောဂါကူးစက်ပြန့်ပွားမှုမျိုး ဖြစ်လာနိုင်ခြေရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးခဲ့သည်။

ကွန်ဂိုနိုင်ငံ၏ ဝေးလံခေါင်သီသော အရှေ့မြောက်ပိုင်း အီတူရီပြည်နယ်တွင် ယမန်နေ့ကအထိ သေဆုံးသူ အနည်းဆုံး ၈၀ ဦး၊ ဓာတ်ခွဲခန်းတွင် အတည်ပြုထားသည့် လူနာရှစ်ဦးနှင့် ရောဂါပိုးရှိသည်ဟု သံသယရှိသူ ၂၄၆ ဦးရှိကြောင်း ကုလသမဂ္ဂကျန်းမာရေးအဖွဲ့က အတည်ပြုသည်။

အိမ်နီးချင်း ယူဂန္ဒာနိုင်ငံ၏ မြို့တော် ကန်ပါလာတွင်မူ ယခုအချိန်အထိ တစ်ဦးသေဆုံးမှု အပါအဝင် ဓာတ်ခွဲခန်းအတည်ပြုလူနာနှစ်ဦးရှိကြောင်း သိရသည်။ **Mon**

0-0-0-0-0

## ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလုပ်ငန်းဆောင်ရွက်

**အစ္စလာမ္မာဘတ် မေ ၁၈**

ပါကစ္စတန်နိုင်ငံ၌ အသက် ငါးနှစ်အောက် ကလေး ၁၉ သန်းကို ရည်ရွယ်သည့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ရောဂါဖြစ်ပွားမှု များပြားနေသည့် ဒေသ ၇၉ ခုတွင် ဆောင်ရွက်ခဲ့ကြောင်း တာဝန်ရှိသူများက မေ ၁၈ ရက်တွင် ပြောကြားသည်။

မေ ၁၈ ရက်မှ ၂၄ ရက်အတွင်း ဆောင်ရွက်မည့် ကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်ကို အမျိုးသား ပိုလီယိုရောဂါကာကွယ်ရေး အရေးပေါ်လုပ်ငန်းစင်တာက ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးလုပ်သား ၁၆၀၀၀၀ က တစ်အိမ်တက်ဆင်းလိုက်လံ၍ ကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ မြို့တော် အစ္စလာမ္မာဘတ်နှင့် ပြည်နယ်လေးခုတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့် အစီအစဉ်များ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံသည် ပြီးခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ရောဂါဖြစ်ပွားသူ ၃၁ ဦးသာ ရှိခဲ့သည်။ နိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုနည်းပါးနေသော်လည်း အချို့ဒေသများတွင် ရောဂါကူးစက်မှုများထပ်မံတွေ့ရှိရသဖြင့် ကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



ပါကစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိနေသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။


❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် မေ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့၌ မေ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။



မေ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Roman Chekushov နှင့်တွေ့ဆုံ၍ အမှတ်(၁) သံမဏိစက်ရုံ(ပင်းပက်)ဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် MSME ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် Tyazhpromexport Co.,Ltd. (TPE) နှင့် တွေ့ဆုံပြီး အမှတ်(၁) သံမဏိစက်ရုံ (ပင်းပက်) နှင့်စပ်လျဉ်းသည့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မေ ၁၄ ရက် နံနက်ပိုင်းတွင် (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်နှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ပြီး ကာဇန်အပြည်ပြည်ဆိုင်ရာကုန်စည်ပြခန်း (Kazan Expo International Exhibition Center) တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုခေတ်ကုန်ဆုံးချိန်တွင် စီးပွားရေးလုပ်ငန်းလွတ်လပ်မှုနှင့် နည်းပညာဆိုင်ရာ အချုပ်အခြာအာဏာကို သေချာစေခြင်း ( Ensuring Freedom of Economic Activity and Technology Sovereigity in the Context of the end of the era of Globalization) ဆွေးနွေးပွဲသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အစ္စလာမ်မစ်နိုင်ငံများတွင် ရုရှားထုတ်ကုန်များကို မြှင့်တင်ခြင်း (Promotion of Russian Product in the Countries of the Islamic World) ဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် တာတာစတန်ပြည်နယ် အကြီးအကဲ Mr. Rustam Minnikhanov နှင့်တွေ့ဆုံ၍ တာတာစတန်ပြည်နယ်သည် ရေနံဓာတုလုပ်ငန်း၊ Mechanical Engineering IT ၊ စိုက်ပျိုးရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိမှု၊ ရုရှားနှင့် မြန်မာကြားရှိ ဆက်ဆံရေးကိုအခြေခံ၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ Dr. Kz Rais ၏ ၂၀၂၂ ခုနှစ်၌ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များ၊ ကုန်သွယ်ရေးနှင့် Alabuga Sez သို့ လုပ်သားစေလွှတ်ရေး၊ LoI နှစ်စောင်လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ လုပ်သားများ အချိန်မီစေလွှတ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှု မြှင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန် ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မေ ၁၅ ရက်တွင် အိုမန်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး ရေနံထွက်ကုန်များ၊ LNG တင်သွင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာလယ်ယာထွက်ကုန် ဆန်၊ သရက်သီး၊ ကော်ဖီ၊ ပဲမျိုးစုံတင်ပို့နိုင်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် စီးပွားရေးဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Sber Bank ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ Gigachal AI တည်ဆောက်ထားသော AI CyberSecurity ကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

မေ ၁၆ ရက် ညပိုင်းတွင် ကာဇန်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး Mr. Rustam Khusainovich က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မေ ၁၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပွဲစဉ်တွင် နာမည်ကြီး ထိုင်းအသင်းကို အနိုင်ယူပြီး မြန်မာအသင်း ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် မေ ၁၈

၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့နှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပရာ မြန်မာအသင်းသည် လေးယောက်တွဲပွဲစဉ် ကွာတားဖိုင်နယ်တွင် နာမည်ကြီးထိုင်းအသင်းကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

မြန်မာအသင်းသည် လေးယောက်တွဲပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် တရုတ်အသင်းကို ၁၅-၇ မှတ်၊ ၁၅-၇ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်တွင် နာမည်ကြီးထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၂-၁ ပွဲဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ပထမပွဲငယ်တွင် အမှတ်များ အပြန်အလှန်ရယူခဲ့ပြီး ၁၇-၁၆ မှတ်ဖြင့် မြန်မာအသင်း အနိုင်ရခဲ့သည်။ ဒုတိယပွဲငယ်တွင် ထိုင်းအသင်းအသာစီးရခဲ့ပြီး ၁၅-၆ မှတ်ဖြင့် ပြန်လည်အနိုင်ရသဖြင့် စာမျက်နှာ ၁၀ သို့ ❐

## ဂျပန်လူမျိုးနည်းပြ Mr. Mitsuo Katoh ကို မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် နှစ် နှစ်စာချုပ်ဖြင့် ခန့်အပ်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)သည် လာမည့် ထိုင်း၊ ဥဇဘက်ကစ္စတန်တို့နှင့် AYA Bank Tri-Nations Cup (Women Friendly)အပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်မှု တစ်ရပ်အနေဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်အသစ်အဖြစ် ဂျပန်လူမျိုးနည်းပြ မစ္စတာ မစ်ဆူအိုကာတို (Mr. Mitsuo Katoh)ကို နှစ်နှစ်သက်တမ်းရှိ စာချုပ်ဖြင့် တရားဝင်ခန့်အပ်လိုက်ပြီ ဖြစ်သည်။

အသက် (၄၆) နှစ်အရွယ်ရှိ နည်းပြချုပ်သစ် မစ္စတာ မစ်ဆူအိုကာတိုသည် AFC Pro License ကို ကိုင်ဆောင်ထားသူဖြစ်ပြီး အာရှဘောလုံးလောက အထူးသဖြင့် ဂျပန်နှင့် ထိုင်းနိုင်ငံတို့တွင် နည်းပြအတွေ့အကြုံရင့်ကျက်ကာ အမျိုးသမီးဘောလုံးလောကတွင်လည်း အောင်မြင်မှုများ ရရှိခဲ့ဖူးသူ ဖြစ်သည်။

မစ္စတာ မစ်ဆူအိုကာတိုသည် ထိုင်းအမျိုးသမီးလက်ရွေးစင်အသင်း၏ လက်ထောက်နည်းပြအဖြစ် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်များတွင် တာဝန်ယူခဲ့ပြီး အသင်းကို AFF Championship ဒုတိယဆု၊ (၂၀၁၉) နှင့် (၃၀) ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ရအသင်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ထိုင်းလိဂ်ကလပ်အသင်းကြီးများ ဖြစ်သည့် Chonburi FC၊ BG Pathum United၊ Samut Prakan Cityတို့တွင် လက်ထောက်နည်းပြ၊ နည်းစနစ်ပိုင်းဆိုင်ရာ အချက်အလက်ခွဲခြမ်းစိတ်ဖြာသူ (Technical Analyst) နှင့် နည်းစနစ်ဒါရိုက်တာ တာဝန်များကို ထမ်းဆောင်ခဲ့ဖူးသည်။

စာမျက်နှာ ၁၀ သို့ ✡

